
mgyoe.com

# ကျဆုံးတော့မယ့် အချိန်မှာ အောင်မြင်လာနိုင်ရေး

ကောင်းသာ
မြန်မာပြန်




mgyoe.com

mgyoe.com

ဆယ်စုနှစ်များစွာ ဆန့်ကျင်မှုတွေနဲ့ ရင်ဆိုင်ရတဲ့လူတွေဟာ
ခက်ခဲကြမ်းတမ်းတဲ့ကလေးဘဝ၊
အသက်မွေးမှု ဝရုန်းသုန်းကားဖြစ်ရမှုတွေ၊
ရုတ်ခြည်း ကံဆိုးမိုးမှောင်ကျမှုတွေကြောင့်
သူတို့ရဲ့အခြေအနေတွေ လက်လွှတ်အရှုံးပေးရတော့မလို ဖြစ်နေတယ်။
ဒါပေမဲ့ ထပ်ခါထပ်ခါ သူတို့တွေ့ရတာက
သူတို့ဘဝအခြေအနေတွေကို ကျော်လွှားနိုင်စွမ်းရှိလာတဲ့
အကြိမ်ပေါင်းရာခိုင်နှုန်းက ခမ်းနားများပြားပြီး အောင်မြင်မှုတွေ ရလာတော့တယ်။

ဒီလိုတစ်ဦးချင်း လူတွေက အောင်မြင်မယ် မထင်ရတာတွေကို ဘယ်လိုများ
ထူးခြားချက်တွေနဲ့ ကျော်လွှားနိုင်ခဲ့တာလဲ။ အဲဒီလူတွေအားလုံးမှာ ဘုံပါဝင်နေတဲ့
တစ်စုံတစ်ရာ လမ်းကြောင်းတွေက ဘာတွေများလဲ။

ကျန်တဲ့ ကျွန်တော်တို့အားလုံး သူတို့ရဲ့အောင်မြင်မှုတွေကရတဲ့ သင်ခန်းစာတွေ၊
ကျွန်တော်တို့ရဲ့ကိုယ်ပိုင်ဘဝတွေမှာ ဘယ်လိုအသုံးချရမလဲ။

# ကျဆုံးတော့မယ့် အချိန်မှာ အောင်မြင်လာနိုင်ရေး

## SUCCEEDING WHEN YOU'RE SUPPOSED TO FAIL

Rom Brafman

စာစည်းစိမ်

KGT0085
2,000.00KS

mgyoe.com


| | |
|---|---|
| ထုတ်ဝေသူ | • ဒေါ်အိဝတ်ရည်ထွန်း၊ |
| | • ဂျူတီစာပေ(၀၂၀၇၇)၊ |
| | • အမှတ်(၄၉၉)၊ဖ-လွှာ(က)၊ |
| | • ဓမ္မာရုံလမ်း၊(၁၀)ရပ်ကွက်၊ |
| | • လှိုင်မြို့နယ်။ |
| ပုံနှိပ်သူ | • ဦးစန်းဦး၊ SKCC Press(၀၀၄၁၃)၊ |
| | • ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။ |

ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ

ကောင်းသာ/

ကျဆုံးတော့မယ့်အချိန်မှာ အောင်မြင်လာနိုင်ရေး

စာမျက်နှာ ၁၅၈ မျက်နှာ၊

၁၂.၈ စင်တီ× ၁၈.၅ စင်တီ


mgyoe.com

mgyoe.com

မရေမတွက်နိုင်တဲ့ လေ့လာချက်တွေထဲမှာ
စိတ်ပညာရှင်တွေက
အံ့ဩလောက်ဖွယ်အချက်တစ်ချက်ကို ရှာတွေ့ခဲ့တယ်

ဆယ်စုနှစ်များစွာ ဆန့်ကျင်မှုတွေနဲ့ ရင်ဆိုင်ရတဲ့လူတွေဟာ ခက်ခဲကြမ်းတမ်းတဲ့ကလေးဘဝ၊ အသက်မွေးမှု ဝရုန်းသုန်းကား ဖြစ်ရမှုတွေ၊ ရုတ်ခြည်း ကံဆိုးမိုးမှောင်ကျမှုတွေကြောင့် သူတို့ရဲ့အခြေအနေတွေ လက်လွှတ်အရှုံးပေးရတော့မလို ဖြစ်နေတယ်။ ဒါပေမဲ့ ထပ်ခါထပ်ခါ သူတို့တွေ့ရတာက သူတို့ဘဝအခြေအနေတွေကို ကျော်လွှားနိုင်စွမ်းရှိလာတဲ့ အကြိမ်ပေါင်းရာခိုင်နှုန်းက ခမ်းနားများပြားပြီး အောင်မြင်မှုတွေရလာတော့တယ်။

ဒီလိုတစ်ဦးချင်း လူတွေက အောင်မြင်မယ် မထင်ရတာတွေကို ဘယ်လိုများ ထူးခြားချက်တွေနဲ့ ကျော်လွှားနိုင်ခဲ့တာလဲ။ ဒီလိုလူတွေအားလုံးမှာ ဘုံပါဝင်နေတဲ့ တစ်စုံတစ်ရာ လမ်းကြောင်းတွေက ဘာတွေများလဲ။ ကျန်တဲ့ ကျွန်တော်တို့

mgyoe.com

mgyoe.com

အားလုံး သူတို့ရဲ့အောင်မြင်မှုတွေကရတဲ့ သင်ခန်းစာတွေ၊ ကျွန်တော်တို့ရဲ့ကိုယ်ပိုင်ဘဝတွေမှာ ဘယ်လိုအသုံးချရမလဲ။ "ရှန်ဘရက်ဖ်မင်" ရဲ့ အခု ဒီစာအုပ်ထဲမှာ "Sway" စာအုပ် ပူးတွဲရေးသူနဲ့ စိတ်ပညာရှင်ဖြစ်တဲ့ "ရှန်း" က အထက်ပါမေးခွန်းတွေကို ဖြေပြထားပါတယ်။ ပြန်ပြောင်းပုံပြင်တွေ ယှက်ဖောက်ပြောခဲ့တာတွေက ပညာရေး၊ စစ်ရေးနဲ့ စီးပွားရေးနယ်ပယ်က သုတေသနအသစ်တွေ ကျယ်ပြန့်တဲ့ အတိုင်းအတာနဲ့ ပါဝင်နေပြီး "ဘရက်ဖ်မင်" မအောင်မြင်နိုင်ဖွယ်ရာ ထင်ရတာတွေ နောက်ကွယ်က ပုန်းကွယ်နေတဲ့ မောင်းနှင်ချက် ခြောက်ချက်ကို ခွဲခြားပြခဲ့တယ်။ ဒီအချက်တွေကြားမှာ အောက်ပါအချက်တွေ ပါဝင်နေတယ်။

○ မီးမောင်းကွက်ထိုးခြင်းရဲ့ အာနိသင်ရဲ့ အံ့ခရာကျတဲ့ အရေးပါမှုတစ်ရပ်ပါပဲ။ ကျွန်တော်တို့ဘဝတွေရဲ့ ဆုံမှတ်တွေကို ပြန်ဦးတည်ဖို့ ကျွန်တော်တို့စွမ်းရည်တွေက ပြင်ပအင်အားစုတွေကို ဆန့်ကျင်ပြီး ကျွန်တော့်ကိုယ်ပိုင်အားထုတ်မှုတွေရဲ့ ရလဒ်တွေသာ ဖြစ်ကြတယ်။

○ ကျွန်တော်တို့ဘဝတွေထဲက ဂြိုဟ်တုတစ်လုံးရဲ့ တန်ဖိုးကို ပြောထားတယ်။ ကျွန်တော်တို့ကို ခြွင်းချက်မဲ့ လက်ခံတဲ့ အမြဲတမ်း မဟာမိတ်တစ်ယောက်က ကျွန်တော်တို့ရဲ့ အကောင်းဆုံးတွေက ခြားနားချက်ဧရာမ လုပ်နိုင်ကြောင်းကို ကျွန်ုပ်တို့ကို စိန်ခေါ်နေဆဲဖြစ်တယ်ဆိုတဲ့ မှတ်သားဖွယ် နည်းလမ်းတစ်ခုလည်း တင်ပြထားတယ်။

mgyoe.com

mgyoe.com

၀ စိတ်ထားတစ်ရပ်ရဲ့တန်ခိုးစွမ်းအားကို ပြောထားတယ်။ လူတွေက သူတို့ဘဝအတားအဆီးတွေတစ်လျှောက် တူးမြောင်းဖောက် ထိုးထွက်နိုင်စွမ်းရှိတာက အံ့ဩဖွယ် နူးညံ့တဲ့စိတ်ထားသဘာဝပဲဖြစ်တယ်။ သူတို့ကို မတည်ငြိမ်စေတဲ့ လမ်းပေါ်က ချိုင့်ခွက်တွေကို သူတို့ ခွင့်ပြုမှာမဟုတ်ဘူး။

ကျွန်တော်တို့ရဲ့ဘဝတွေထဲက ဒီမဟာဗျူဟာတွေကို နားလည်ပြီး ပူးပေါင်းဆောင်ရွက်ရင်းနဲ့ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ ရှောင်လွှဲမရတဲ့ အတားအဆီးတွေ ကျော်လွှားဖို့ ပိုကောင်းကောင်းပြင်ဆင်နိုင်တာတွေက အလုပ်ထဲက ဆုံးရှုံးမှုတွေကနေ ကျွန်တော်တို့ ပုဂ္ဂိုလ်ရေးဘဝတွေရဲ့ စိန်ခေါ်ချက်တွေအထိပဲ ဖြစ်တယ်လို့ "ဘရက်ဖ်မင်" က စာဒက တက်ထားပါတယ်။

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– စာရေးသူရဲ့အကြောင်းအကျဉ်းချုပ် က
– စကားချီး ခ
၁။ တူးမြောင်းဖောက်သွယ်ခြင်း ၁

## မောင်းနှင်တွန်းတင်ခြင်း

၂။ မီးမောင်းကွက်ထိုးခြင်းရဲ့ အာနိသင် ၃၁
၃။ အဓိပ္ပာယ်ရှိရှိ ပြုလုပ်ခြင်း ၄၈
၄။ မဝေဝါးတဲ့ ဇောက်ချလုပ်ခြင်း ၆၈

## ဝန်းရံခြင်းအယူအဆယုံကြည်ချက်ရဲ့ ဦးတည်ချက်ပုံစံ

၅။ စိတ်သဘောထားနဲ့ အောင်မြင်ခြင်း ၈၇
၆။ ဆန့်ကျင်ဘက်ပြိုင်လာမှုကို ဟာသဖြင့်
တန်ပြန်သော လုပ်ရပ် ၁၀၂


mgyoe.com

mgyoe.com

## ချိတ်ဆက်မှု

၇။ ငြိုပြဟ်တုတစ်လုံးရဲ့ အရေးပါမှု ၁၂၁
၈။ အားလုံးကို အလေ့အကျင့်ထဲ သွတ်သွင်းခြင်း ၁၃၇
– နိဂုံးစကား ၁၅၅

❐

mgyoe.com

mgyoe.com





## စာရေးသူရဲ့အကြောင်း အကျဉ်းချုပ်

"Rom Brafman" "ရွန်" ဟာ နယူးယော့ခ်တိုင်းမ်ရဲ့ ရောင်းအားအကောင်းဆုံးစာအုပ်တွေဖြစ်တဲ့ "Sway" နဲ့ "Click" တို့ရဲ့ ပူးတွဲရေးသူဖြစ်ပါတယ်။ သူက ကယ်လီဖိုးနီးယား "ပါလိုအော်တို" က လက်တွေ့စိတ်ပညာရှင်ဖြစ်ပြီး စိတ်ပညာနဲ့ ဒေါက်တာဘွဲ့ Ph.D ရထားသူဖြစ်တယ်။ တက္ကသိုလ်တွေရဲ့ သင်တန်းတွေမှာ ကိုယ်ရည်ကိုယ်သွေးနဲ့ ပုဂ္ဂိုလ်ရေးတိုးတက်မှုတွေ သင်ကြားခဲ့တယ်။ သူ့စာအုပ်တွေကို "ဝေါစထရီ" ဂျာနယ်၊ "USA Today" နယူးယော့ခ်တိုင်းမ်နဲ့ "Financial Times" တို့မှာ ကိုးကားဖော်ပြထည့်သွင်းရပြီး ABC News နဲ့ NPR တီဗီတွေမှာလည်း ထုတ်လွှင့်ပြသရတယ်။

ပိုသိလိုတာရှိရင် www.RomBrafman.com တို့မှာ ကြည့်နိုင်တယ်။

e Book နဲ့ RANDOM House က Audio ခွေတွေမှာလည်း ရနိုင်တယ်။

mgyoe.com

mgyoe.com



# စကားချီး

အခြားသူတွေရဲ့ အသက်မွေးဝမ်းကျောင်းနဲ့ပတ်သက်လို့ ကျွန်တော် စိတ်ဝင်စားစရာ ဆန်းကြယ်မှုတစ်ခုခု တွေ့ရတယ်။ ဘောလုံးအားကစားနည်းပြဖြစ်ရတာ ဘာနဲ့တူနေသလဲ။ တိရစ္ဆာန်ရုံထိန်းသိမ်းသူကကော။ ကံကောင်းစွာ ကျွန်တော်က စိတ်ပညာရှင်နဲ့ စာရေးဆရာ လာဖြစ်နေရတယ်။ ဒီကမ္ဘာနဲ့ပတ်သက်လို့ များစွာသင်ယူခဲ့ရပါတယ်။ လအနည်းငယ်ခန့်က ကျန်းမာရေး အရေးပေါ်နည်းပညာရှင် (တကယ့်တကယ် လူနာတင်အရေးပေါ်ကားမောင်းသမားလို့ပြောရင် ကာယကံရှင်တွေက မကြိုက်တတ်လို့ပါ) သူက သူမနှစ်မြို့ဖွယ်ကြုံရချက်ကြုံရတာ တစ်ခုပြန်ပြောပြတယ်။ မော်တော်ဆိုင်ကယ်သမားတစ်ယောက်က သူ့လူနာတင်ကားကို ဖြတ်ကျော်မောင်းသွားလို့ပါ။ "ကျွန်တော့်ကားမှာ လူနာမပါတာနဲ့ သုံးနေကျ ဥသြသံနဲ့ မှိတ်တုတ်မီးအချက်ပြတာတွေမသုံးဘဲ မောင်းလာမိတာကြောင့်ပဲ ဖြစ်မယ်" လို့

mgyoe.com

mgyoe.com



နောက်မှ သူ့ရဲ့ မနှစ်မြို့ မခံချင်ဖြစ်ရတာကို စိတ်ဖြေသက်ပြင်းချရင်း ပြန်ရှင်းပြတယ်။

တစ်ခါတစ်ရံ ဒီလိုထိုးထွင်းသိနားလည်မှုက ပိုခမ်းနားသွားတတ်တယ်။ ၂၀၀၈ ခုနှစ်က ငွေကြေးဈေးကွက်ပြိုလဲစဉ် ဘဏ်ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းရှင်တစ်ဦးနဲ့ သူ့ဘဏ်လုပ်ငန်းမှာ လေ့လာတွေ့ရသမျှတွေကို ကျွန်တော် အင်တာဗျူးကြည့်တယ်။

ရင်းနှီးမြှုပ်နှံရေး ဆုံးဖြတ်ချက်တွေ ပုံဖော်ဖို့ အခန်းကဏ္ဍမှာ ထင်ပေါ်ကျော်ကြားမှုက ဘယ်လောက်ဒီဂရီအထိ တာသွားသလဲဆိုတာ သူအံ့ဩလောက်အောင် သိလိုက်ရသတဲ့လေ။

"အထက်တန်း ပြန်ရောက်နေသလိုပါပဲဗျာ" သူလွမ်းမောတသဟန်နဲ့ပြောတယ်။ တကယ်လို့ သင်က အုပ်စုတွင်းက ထင်ပေါ်ထိုးထွက်နေစဉ်မှာတော့ သင့်ရဲ့အကြံပေးချက်က သိပ်လေးလေးနက်နက် အရေးပါခဲ့ပါရဲ့။ သင့်ရဲ့အချက်အလက်နဲ့ ကိန်းဂဏန်းတွေက သူတို့အကြိုက်နဲ့ မကိုက်ညီရင်တောင်မှ တန်ဖိုးထားတတ်ကြတယ်။ မထင်ပေါ်တော့ရင် သင်ပေးသမျှ အချက်ပေးခေါင်းလောင်းသံတွေကို လျစ်လျူရှုကြကုန်တော့တယ်။ သူက အထက်တန်းကျောင်းရဲ့ ယဉ်ကျေးမှုပုံစံပါပဲ။ ဒီယဉ်ကျေးမှု ညံ့ဖျင်းတဲ့ရင်းနှီးမြှုပ်နှံရေး ရွေးချယ်မှုကို လုပ်မိစေတယ်လို့ သူယုံကြည်တယ်။

အခြားနယ်ပယ်တွေအကြောင်း ခပ်များများ လေ့လာရပေမဲ့ ကျွန်တော့်ရဲ့ စစ်မှန်တဲ့ စွဲလမ်းမှုကတော့ စိတ်ပညာ

mgyoe.com

mgyoe.com



ရဲ့ စည်းကမ်းတွေကိုပါပဲ။ ဒီပညာနယ်က ငယ်နုပါသေးတယ်။ ကျွန်တော်စိတ်တွေ ဘယ်လိုအလုပ်လုပ်ပုံနဲ့ ပတ်သက်တဲ့ နည်းလမ်းတွေမှာ အဖြေမပေါ်သေးတဲ့မေးခွန်းတွေ များစွာ ရှိနေဆဲပါ။ ဒါပေမဲ့ လုံလောက်တဲ့သုတေသနတွေ လုပ်ပြီးတဲ့ အခါ ကျွန်တော်တို့စိတ်ရဲ့လုပ်ဆောင်ချက် နည်းလမ်းတွေထဲ အဓိပ္ပာယ်ရှိရှိ ထိုးထွင်းသိလာပြီး ဘာကြောင့် ဒီနည်းလမ်း တွေ လုပ်ရကြောင်းလည်း သိလာတယ်။ ဒီနေ့အခါမှာ ကျွန်ုပ်တို့ဟာ ခါတိုင်းထက် ကျွန်ုပ်တို့အကြောင်း ပိုလေ့လာရ ပါဦးမယ်။

စိတ်ပညာက ကျွန်တော် သင်ယူရသမျှထဲက အထင် ရှားဆုံး ထိုးထွင်းသိမှုကတော့ လူသားရဲ့စိတ်ဓာတ်ဟာ ဆန့်ကျင်ခံရမှုတွေ၊ ဆုံးရှုံးမှုတွေက ပြန်ကန်ထွက်လာနိုင်တဲ့ တန်ခိုးစွမ်းအားတွေမှာ ကန့်သတ်ချက်မရှိသလိုပါပဲ။ စိတ်ကု ဆရာအနေနဲ့ အံ့မခန်းတဲ့ ခက်ခဲမှုတွေ တွေ့ကြုံရတာတောင် ဒါကို ကျော်လွှားဖို့ လမ်းတစ်လမ်းရှာတွေ့နိုင်ခဲ့တဲ့ တစ်ဦးချင်း လူတွေနဲ့ ကျွန်တော်တွဲလုပ်ခဲ့ရပါတယ်။ ထူးခြားချက်တွေ ကို ဆန့်ကျင်ဘက်ပြုင်ရတဲ့ ဖွဲလုံ့လဝီရိယတွေက ဘဝလမ်း ကြောင်း ပြောင်းလဲမှုထဲမှာ သိုလှောင်ထားပုံရပါတယ်။ ဒီလို ဆန့်ကျင်မှုကို ကျော်လွှားအောင်နိုင်မှုက လူသားစိတ်မှာ အန်အတုနိုင်ဆုံးရှုထောင့်နဲ့ရှိတဲ့ စွမ်းရည်တွေပါပဲ။

ဒီနယ်ပယ်ထဲ သုံးနေကျ အသိရှိနေမှုတွေက လူ အနည်းငယ်ပဲ သူတို့အခြေအနေကို ကျော်လွှားနိုင်ခဲ့တယ်။ ဒါက ဘာကြောင့်ဆိုရင် စိတ်ပညာရှင်တွေက စိတ္တဇရောဂါ ကုသရေးကိုပဲ ဂရုစိုက်၊ အာရုံစိုက်တာက များလွန်းနေပြီး

mgyoe.com

mgyoe.com



ထူးခြားချက်တွေကို ကျော်လွှားရင်း အံ့သြဖွယ်ရာ အန်တုမှု တွေနဲ့ သရုပ်ဖော်တဲ့ တစ်ဦးချင်းတွေရဲ့ အကောင်းမြင်ဆုံး အရေးပါမှုတွေကိုတော့ မျက်စိလျှံနေကြလို့ပါပဲ။

ဒီနယ်ပယ်က မတော်တဆလုံးဝလမ်းကြောင်းပြောင်း နေပါပြီ။ ဒေါင်လိုက် လေ့လာချက်တွေအရ သုတေသီတွေ က ဆန့်ကျင်ဘက်ပြိုင်မှု အာနိသင်အပိုသယ်ဆောင်နေရတာ နဲ့ပတ်သက်တဲ့ ဂန္ထဝင်စိတ်ပညာ တရားသေဝါဒကို အန်တု ဖော်ရလာတဲ့ တစ်ဦးချင်းအုပ်စုတွေကို တွေ့လာပါတယ်။ ဆန့်ကျင်မှုကို ကျော်လွှားနိုင်တဲ့သူတွေဟာ စိတ်ပညာရှင်တွေ ထင်တာထက် ပိုများနေတာ ပေါ်လာပါပြီ။ ဒီနယ်ပယ်ရဲ့ မိုးကုပ်စက်ဝိုင်းက စိတ္တဇကုသရေးကနေ စိတ်ပညာတိုးတက် မှု ဧရိယာတွေဆီအထိ ကျယ်ပြန့်လာနေစဉ် အောင်မြင်ရေးနဲ့ ထူးခြားချက်ကို ယှဉ်တွဲလေ့လာခြင်းကလည်း အရှိန်အဟုန်ရ လာပါတယ်။

ဒီစာအုပ်ထဲမှာ ဒီကာလအတွင်း ဘာတွေဖြစ်ခဲ့သလဲ ဆိုတာ ကျွန်တော် စစ်ဆေးကြည့်တယ်။ ဘာကြောင့် ဆန့်ကျင် ဘက်တွေ ရင်ဆိုင်ရတဲ့ လူတချို့က ဒီအတွက် ပိုအားကောင်း လာကြတာလဲ။ အောင်မြင်မယ်မထင်ရတဲ့လူတွေက အောင်မြင် သွားကြပုံတွေ ကြည့်ရတဲ့အခါ သူတို့ရဲ့အသက်မွေးမှုကို ဘယ်လို သူတို့ထူးထူးခြားခြားလုပ်သွားနိုင်ကြတာလဲ။ သူတို့ တွေဆီက ကျွန်တော်တို့ ဘာတွေ သင်ယူနိုင်သလဲ။ ကျွန်တော် တို့ရဲ့ ကိုယ်ပိုင်ကိုယ့်ဟာကိုယ်ချထားတဲ့ အကန့်အသတ်တွေ၊ ကျော်လွှားနိုင်တဲ့ အရည်အသွေးတွေက ဘာတွေလဲ။ ကျွန်ုပ် တို့ ဘေးပတ်ဝန်းကျင်ကအရာတွေက ကျွန်တော်တို့ကို

mgyoe.com

mgyoe.com



ဆွဲချနေတဲ့အခါ ကျွန်တော်တို့ ဘယ်လိုသန်သန်မာမာ ရပ်တည်နေနိုင်ကြသလဲ။

ယခုစာအုပ် "Succeeding When You're Supposed to Fail" က ဒီမေးခွန်းတွေကိုဖြေဖို့ အားထုတ်ချက်တစ်ရပ်ပဲ ဖြစ်ပါတယ်။

❒

mgyoe.com

mgyoe.com



## ( ၁ )
# တူးမြောင်းဖောက်သွယ်ခြင်း

ကနေဒါနယ်စပ်ကနေ တောင်ဘက် မိုင် ၉၀ အကွာက "ပစ်စကာ တာကွစ်"မြစ်ကမ်းပါးတစ်လျှောက် မေးတင်နေတဲ့ မြို့ကလေးကတော့ မိန်းပြည်နယ် "ဟောင်းလန်"မြို့ကလေးပါပဲ။ အိပ်ပျော်နေတဲ့ ချစ်စရာ နယ်မြို့ကလေး "ဟောင်းလန်"က ယနေ့အခါ ကမ္ဘာလှည့်ခရီးသွားတွေ စိတ်အဝင်စားဆုံး အာရုံစိုက်မိကြတာကတော့ ခေါင်းတုံးပြောင်ပြောင် နဲ့ သိမ်းစွန်ငှက်ကြီးရဲ့ရုပ်တုကြီးပါပဲ။ ၁၈၉၄ ခုနှစ်ဆီ ပြန်သွားကြည့်တဲ့ အခါ လူသားစိတ်ဓာတ်ရဲ့ အနိုင်မခံ အရှုံးမပေးလိုမှုကို အန်တုနေတဲ့ ကျွန်ုပ်တို့ရဲ့ အနက်ရှိုင်းဆုံးလျှာထားချက်တွေရဲ့ လျှို့ဝှက်ချက်တွေ ဒီမြို့ မှာ တွေ့လာရတယ်။

အဲဒီနှစ် နွေရာသီ ဇူလိုင်လနေ့ရက်တစ်ရက်မှာတော့ 'ပါစီ စပင်ဆာ'ဆိုသူကို မွေးဖွားခဲ့ပါတယ်။ ပါစီကို မွေးဖွားခြင်းနဲ့ သူ့မိသားစု အကြောင်းတွေကတော့ သာမန်ထက် ထူးခြားတာဆိုလို့ ဘာမှပြောစရာ

mgyoe.com

mgyoe.com



မရှိပါဘူး။ သူ့ဖခင် 'ဂျက်စပါစပင်ဆာ'က "ဟောင်းလန်"က သစ်လွှစက်မှာ အလုပ်လုပ်တယ်။ သူ့မိခင် 'မာတယ်' ကတော့ ထိုကာလရဲ့ ထုံးစံအတိုင်း အိမ်မှုဗာဟီရတွေလုပ်ရတဲ့ အိမ်ရှင်မပါပဲ။ ပါစီရဲ့ ကလေးဘဝက လုံးဝပုံမှန်ပါပဲ။ ပထမပိုင်း စောစောကအထိ ပြောတာပါ။ ဒါပေမဲ့ 'ပါစီ' တောက်တောက်နဲ့ လမ်းလျှောက်တတ်စလည်းရောက်ရော သစ်စက်မှာ ကြေကွဲစရာ ကြုံရတော့တယ်။ လွှဝိုင်းကြီးက မဏ္ဍိုင်က ပြုတ်ထွက်ပြီး တွေ့ကရာနေရာအနှံ့ ဦးတည်ရာမရှိ တိုက်စားလိုက်ရာမှာ ပါစီရဲ့ဖခင်ဆီ ထိမှန်သွားလို့ နေရာမှာတင် ပွဲချင်းပြီး သေဆုံးသွားပါတယ်။

ဖခင် သစ်စက်မှာ ကွယ်လွန်သွားကြောင်း သတင်းက အိမ်အရောက် မိခင်ခမျာ တုန်လှုပ်ချောက်ချားမေ့မြောသွားတယ်။ ဘေးဒုက္ခဆိုက်ရတဲ့အဖြစ် သူမ ကိုင်တွယ်နိုင်တာထက် များစွာကျော်လွန်သွားရတာမို့ ဒီဖြစ်ရပ်ပြီးပြီးချင်း နေအိမ်က တစ်ကိုယ်တော် ကိုယ်လွတ်ရုန်းထွက်ပြေးသွားတာ ပြန်မတွေ့ရတော့ပါဘူး။ ယခုမိဘမဲ့ဖြစ်သွားတဲ့ ပါစီမှာ ကြည့်ရှုမယ့်လူမရှိတော့ပါ။ တစ်ကောင်ကြွက်ပါစီကို ဦးလေးနဲ့ အဒေါ်တို့က အတူခေါ်ထားရတယ်။

ပါစီအတွက် ကံကောင်းသွားတာက အမိုးတစ်မိုးတည်းအောက်မှာ သူ့ကိုချစ်တဲ့ ဦးလေး၊ အဒေါ်တွေနဲ့ မိဘအရင်းနဲ့မခြား အတူနေခွင့်ရသွားခြင်းပါပဲ။ ပါစီ ငါးနှစ်အရွယ်ကတည်းက အတူနေလာရတဲ့ ဦးလေးက စက်ကိရိယာတွေ ဝါသနာပါသူဖြစ်နေတယ်။ အိမ်က တူတော်မောင် ဆော့ဖို့ ရေနွေးငွေ့ရထားစက်ခေါင်းရုပ်ကလေး ဝယ်လာတယ်။ အိမ်မှာ ရထားပြေးဖို့ သံလမ်းက အဆင်သင့်မရှိရတဲ့အထဲ ရထားစက်ခေါင်းက ပျက်နေလို့ ပြင်ရပြန်ရော။ ပါစီ့ဦးလေးက ဂရုတစိုက်ပြင်ပေးရှာပါတယ်။ စက်အကြောင်းထက် ဘာမှပါစီ့အတွက်

mgyoe.com

mgyoe.com


စိတ်ဝင်စားဖွယ် မရှိလှပါ။ သူ့အရင်က မမြင်ဖူးတာမို့ စိတ်ဝင်စားစရာတွေ ပုံအောနေတော့တယ်။

ပါစီက သဘာဝနဲ့ တိရစ္ဆာန်ကို ချစ်တတ်တယ်။ အားတဲ့အချိန်တိုင်း သစ်တောထဲသွား အေးအေးလူလူ အချိန်ဖြုန်းတတ်တယ်။ တစ်ခါသစ်တောထဲ ကျားသစ်ကောင် သစ်ကိုင်းပေါ် နားနေတာ တွေ့ခဲ့ရဖူးတယ်။ ဒါပေမဲ့ ပါစီ့မှာ သူ့ဘဝသစ်နဲ့ အသားကျမယ်ကြကာရှိသေး၊ နောက်ထပ် ကြေကွဲစရာတစ်ခုနဲ့ ပက်ပင်းတိုးရတော့တယ်။ သူ့ အသက်ခုနစ်နှစ်မှာ ဦးလေး ဆုံးပါးသွားပြန်တယ်။ မိသားစုမှာ စိတ်ခံစားမှုအရကပ်ဘေးဆိုက်ရရုံမက ငွေရေးကြေးရေးတွေ ဇရာမပြဿနာကြုံရပြန်တာမို့ စားဝတ်နေရေး အတော်ရုန်းကန်ရပြန်တယ်။ ပါစီဟာ ငါးတန်းအောင်ပြီးတာနဲ့ ကျောင်းကထွက်ပြီး ရရာအလုပ်လုပ်ရတယ်။ ကျန်ဘဝတွေက ငတ်တစ်လှည့် ပြတ်တစ်လှည့်နဲ့ ကျန်းမာရေးချူချာခဲ့တယ်။ မိုးမလင်းမီထ လုပ်ငန်းခွင်ရစ်လုံးစက်ရုံမှာ တစ်နေကုန်လုပ်ရပြီး နေဝင်မိုးချုပ်မှ ပြန်ရတယ်။

သင့်ကိုယ်သင် ခဏတာ ပါစီ့ရဲ့ဖိနပ်ကောက်စွပ်ကြည့်စေချင်တယ်။ သင့်ရဲ့မိဘအစစ်တွေက ဘာမှန်းမသိခဲ့ရဘူး။ မိခင်က စွန့်ခွာသွားတာ ငါးနှစ်ကတည်းကပါပဲ။ ဦးလေးက ဖအေအရင်းလိုချစ်ရှာပေမဲ့ နှစ်နှစ်သာနေရပြီး ဦးလေးလည်း ဆုံးရတယ်။ ပညာရေးမှာ ငါးတန်းနဲ့ ခရီးဆုံးသွားရပြီး အလုပ်ကြမ်းတွေ ထွက်လုပ်ရတယ်။ "ကျွန်တော့်ကို ချစ်တဲ့လူတွေ သေချင်သေ မသေရင် စွန့်ခွာသွားကြတယ်" ဒီဖြစ်လာတဲ့ ဘဝဆိုးကပ်ဘေးတွေအတွက် ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်ဖို့ရမလား။ "ငါ့ကိုမှ ဒါတွေလာဖြစ်ရတာလဲ"၊ "ငါ့အမေက ငါ့ကို ဘာကြောင့် စွန့်ခွာရတာလဲ"၊ "ငါ့ဘဝက အမြဲတမ်းပဲ ခက်ခဲနေမှာလား။ နောက်ဆုံးတော့ ခက်ခဲတဲ့ စိတ်ဝိညာဉ်က အင်အားတွေ ပျောက်ဆုံးသွားရတော့တယ်။

mgyoe.com

mgyoe.com


ခက်ခဲတဲ့ ဘဝဖြစ်ရပ်တွေက တစ်ဦးချင်းအပေါ်မှာ စိတ်ပညာအရ ပင်ပန်းခက်ခဲစေပါတယ်။ ကြေကွဲဖွယ်ဘဝဖြစ်ရပ်တွေက စိတ္တဇဗေဒ ထိခိုက်နစ်နာစေတာ နှစ်ပေါင်းများစွာ သိပ်ထင်ရှားလာတဲ့အတွက် စိတ်ပညာရှင်တွေဟာ ဒါကို အမြဲတမ်းပြဿနာအနေနဲ့ လျှာထားခဲ့ကြရတယ်။ အတွေ့အကြုံက ခမ်းနားစွာ ခက်ခဲလာတာမို့ ယုံကြည်မှုတွေလည်း ထွက်ခွာသွားလို့ သင့်ဘဝလည်း ပိုဆိုးလာတော့တယ်။

ထိခိုက်မှုက စိတ်ပျက်ရမှုဆီ ဦးတည်နေတဲ့လူသားရဲ့ စိတ္တဇဗေဒက ဒီနယ်မှာ ထပ်ပြောစရာမလိုတော့အောင် ရှင်းလှတာမို့ နောက်ဆုံး စိတ်ပညာရှင် 'အမ်မီဝါနာ' ရောက်လာရတော့တယ်။ Ph.D ဘွဲ့ကို ဖွံ့ဖြိုးတိုးတက်ရေးစိတ်ပညာရပ်နဲ့ ရလာတဲ့ 'ဝါနာ' က သူ့စည်းကမ်းတွေတစ်ခုလုံး ဖရိုဖရဲဖြစ်သွားတော့မလောက် ဖြစ်လာတဲ့တိုင်အောင် ဘာလုပ်ရမယ် စိတ်ကူးမပေါ်သေးဘူး။ လူငယ်ပါမောက္ခတစ်ယောက်အနေနဲ့ 'ဝါနာ' က သူ့အချိန်တွေကို စာရင်းအင်းခွဲခြမ်းစိတ်ဖြာရေးတွေမှာပဲ အသုံးချနေခဲ့မိတယ်။ ပရောဂျက်တစ်ခုဆောင်ရွက်ရင်း ဟာဝိုင်အီကျွန်းစု အနောက်ဘက်အကျဆုံး ကျွန်းငယ်လေး "ကာဝေယီ" မှာ ကလေးတွေ၊ မိခင်တွေ တစ်လှေကြီးနဲ့အတူနေရတယ်။

ပရောဂျက်ရဲ့ သုတေသနမှူးချုပ် အနားယူသွားတဲ့အခါ ဝါနာက ပရောဂျက်ဒေတာတွေကို ဆက်အမွေခံရတယ်။ တိုးတက်ရေး စိတ်ပညာရှင်တစ်ယောက်အတွက် ရွှေတွင်းကြီး ရလိုက်တာပါပဲ။ ပထမဆုံး သူမလုပ်ရတာက လေ့လာချက်ရဲ့အတိုင်းအတာကို ကျယ်အောင်ချဲ့လိုက်တာပဲ။ ကလေးတွေ မွေးလာတာကစပြီး သူတို့ လုပ်ဆောင်ချက်တွေကို သူတို့ဘဝလမ်းကြောင်းပေါ်မှာ ခြေရာခံလိုက်ကြည့်တယ်။ ဓာတ်ခွဲခန်းအတွက် ပါဝင်သူတွေကို လေ့လာမယ့်အစား တကယ့်လူတွေကို လက်တွေ့သူတို့ဘဝထဲမှာ ကြီးကြပ်လေ့လာရတာပါ။

mgyoe.com

mgyoe.com


အချက်အလက်တွေ စုဆောင်းဖို့ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသင်းတစ်စင်း စုစည်းရတယ်။ လူမှုရေး အလုပ်သမား၊ သူနာပြုတွေ၊ ဆေးဆရာ၊ ဆေးခန်းက စိတ်ပညာရှင်တွေက ကလေးတွေရဲ့လမ်းကြောင်းမှာ ဝိုင်းကူညီကြတယ်။ သုတေသီတွေက မိဘဆိုင်ရာတွေ အချက်အလက်တွေပါ စုဆောင်းကြတယ်။ မရှိမဖြစ်လေ့လာရတဲ့ ဒီဘာသာရပ်မှာ ပါဝင်သူပေါင်း ၆၉၈ ယောက်ထိပါဝင်ပြီး သူတို့မမွေးမီက ပါခဲ့သူတွေလည်း ထပ်ဖြည့်ထားတယ်။

'ဝါနာ' က ကျွန်တော့်ကို ရှင်းပြတယ်။ "အဲဒီအချိန်က ကျွန်မတို့ရဲ့ လေ့လာချက်ဆုံမှတ်က အခြားအရာတွေလိုပဲ ဒုက္ခခံရမှုတွေ သိပ်များတယ်" ခက်ခဲတဲ့ ပတ်ဝန်းကျင်တွေနဲ့ ကြီးပြင်းလာရသူ ကလေးသူငယ်တွေက စိတ်ပညာရေးရာ စိတ်ပျက်အားငယ်မှုတွေ မလွှဲမရှောင်သာ ခံရတယ်လို့ စိတ်ပညာရှင်တွေက ထင်ကြကြောင်း သတိရပါ။

တချို့ကလေးတွေ အဲဒီလိုဒုက္ခရောက်နေပေမဲ့ ကျန်းမာ အဆင်ပြေပြေ ပုံမှန်နောက်ခံတွေနဲ့ ထိန်းချုပ်နိုင်တဲ့ လူအုပ်စုတွေလည်း များတာတွေ့ရတယ်။ ဒီကလေးတွေက လုံးဝပုံမှန်ဘဝနဲ့ လာကြသူတွေပါပဲ။ တစ်နည်းပြောရရင် ဘဝရဲ့ အဓိကဖိအားတွေကို ဖွင့်ခံမထားရတဲ့ ထောက်ပံ့ကူညီတဲ့ နေအိမ်ဘဝမျိုးနဲ့ နေကြသူတွေပါပဲ။ သင်မျှော်လင့်ထားသလို သူတို့က ကျောင်းမှာ အခြေအနေကောင်းလို့ ဆိုးဝါးတဲ့ဒုက္ခတွေ မခံရ၊ စိတ်ပညာရေးပြဿနာတွေ မရှိကြတာတွေ့ရတယ်။

တခြားအသိုင်းအဝိုင်းတွေက ခက်ခဲတဲ့ဘဝအခြေအနေတွေနဲ့ မွေးလာကြသူတွေပါပဲ။ 'ပါစီစပင်ဆာ' တို့လိုပေါ့။ မိန်းနယ်ဆင်ခြေဖုံးက ငွေကြေးနဲ့ စိတ်လှုပ်ရှားမှု ဝေဒနာမျိုးစုံခံရသူတွေ ဖြစ်နေတယ်။ ကလေးတွေက အတားအဆီးတွေ အစုံခံရတယ်။ အများစုက ဆင်းရဲမွဲတေကြတယ်။ မိဘတွေက အရက်မိုးမွှန်အောင်သောက်ကြတဲ့ အရက်

mgyoe.com

mgyoe.com


ချိုးသမားဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် စိတ်ဝေဒနာရှင်တွေ ဖြစ်နေတတ်တယ်။ ဒီအုပ်စုကလေးတွေကြားထဲ ကံဆိုးလှစွာ အခြေအနေက မကောင်း။ ကျောင်းမှာ စည့်မလိုက်နိုင်၊ ကျောင်းထွက်ရသူတွေ၊ ရဲတွေနဲ့ ပြဿနာဖြစ်ရတဲ့ ဒုစရိုက်သားကောင်ဘဝကျရသူတွေ၊ ဆယ်ကျော်သက်အရွယ်နဲ့ မိဘတွေဖြစ်လာသူတွေ အစုံအလင်ကို ကံဆိုးလှစွာ ဝါနာတွေ့နေရတယ်။

ဒါပေမဲ့ အံ့ဩစရာကောင်းစွာ "ကာဝေယီ" က အားလုံးသောကလေးတွေက ဒီဖြစ်ရပ်မျိုး မရောက်ကြတာတွေလည်း ရှိနေတယ်။ တချို့က ဒီလမ်းကြောင်းက ဖောက်ထွက်နိုင်ကြတယ်။ နောက်ဆုံး 'ဝါနာ' ကိုယ်တိုင် အံ့ဩလောက်ဖွယ် အကျိုးမရှိတဲ့ ပတ်ဝန်းကျင်နောက်ခံကလာသူတွေရဲ့ သုံးပုံတစ်ပုံဟာ ချမ်းသာအောင်မြင်တဲ့ဘဝတွေနဲ့ ကြီးပွားထွန်းတောက်ကြတာ တွေ့ရပါလေရော။ သူတို့က ကျောင်းတွေမှာ အခြေအနေကောင်းကြတယ်။ သူတို့ဆရာတွေ၊ ကျောင်းနေဖက်တွေနဲ့ ကျန်းမာတဲ့ ချိတ်ဆက်မှုတွေ ဖွဲ့နိုင်ကြတယ်။ ကြီးလာတော့ သူတို့က စိတ်ဓာတ်အားကောင်းသူ၊ အောင်မြင်တဲ့သူတွေ ဖြစ်လာကြတယ်။ ငယ်စဉ်က ခက်ခဲတဲ့ဘဝဟောင်းပုံရိပ်တွေ ထင်မကျန်ရစ်တော့ပါဘူး။

'ဝါနာ' တွေ့ရှိချက်တွေက စိတ်ပညာတရားသေအစွဲကနေ ရွေ့ပြောင်းလာနေတာကို ဒီအခိုက်အတန့်မှာ ပြန်စဉ်းစားဖို့ ထိုက်တန်နေပါတော့တယ်။ သူမရဲ့လေ့လာတွေ့ရှိချက်က စိတ်ပညာရဲ့ အပြုအမူရေးရာဝါဒရဲ့ အခြေခံတွေအတွက် အမေးထုတ်စရာတွေ ဖြစ်ရတယ်။ ပြီးခဲ့တဲ့ဘဝဖြစ်ရပ်တွေနဲ့ ကျွန်တော်တို့ရဲ့ လက်ရှိစိတ္တဗေဒနေထိုင်ကောင်းခြင်းတွေရဲ့ကြားမှာ ခိုင်မာတဲ့အကြောင်းနဲ့ အကျိုးတရားဆက်သွယ်ချက် ရှိနေပါတယ်။ တကယ်လို့ ကာဝေယီအချက်အလက်တွေက တိကျတယ်ဆိုရင် စိတ်ပညာရှင်တွေအနေနဲ့ သူတို့သင်ကြားခဲ့

mgyoe.com

mgyoe.com


သမ္ဘ လူသား စိတ်ပညာအခြေခံတွေကို ပြန်အဓိပ္ပာယ်သတ်မှတ်ရပါလိမ့်မယ်။

ပထမစိတ်ပညာရှင်တွေက ဝါနာရဲ့ရလဒ်တွေကို ဘာလုပ်ရမလဲဆိုတာ မသိသေးဘူး။ အကျိုးမရှိတဲ့ကြားက အားထုတ်နိုင်ကြတဲ့ ကလေးတွေအတွက် ပိုလွယ်ကူစေတဲ့ ကာဝေယီယဉ်ကျေးမှုကျွန်းစုမှာ တစ်စုံတစ်ရာ ထူးခြားမှုရှိဖွယ် ထင်ရတယ်။ 'ဝါနာ' တောင် သူ့ရလဒ်တွေအပေါ် သံသယဖြစ်ရတယ်။ "ကျွန်မတောင် စဉ်းစားလို့ မရတာက ဒါတွေက စာရင်းအင်းဆိုင်ရာ ပြဿနာတွေ ဟုတ်မှဟုတ်ရဲ့လားလို့ပါပဲ" ရလဒ်တွေမှာ အမှားတစ်ခုခုရှိနေတယ်လို့ ထင်နေတယ်။

ဒါပေမဲ့ 'ဝါနာ' ရဲ့တွေ့ရှိချက်တွေက တိကျကြောင်း သက်သေပြနေပါတယ်။ ဒီနယ်ပယ်ရဲ့ တခြားရှေ့ဆောင်နှစ်ယောက် 'နော်မန်ဂါမင်ဇီ' နဲ့ 'မိုက်ကယ်ရူးတာ' တို့က သီးခြားစီ အလားတူ "အောင်မြင်မှုနဲ့မတူတဲ့" အသွင်လက္ခဏာကို ရှာဖွေတွေ့ရှိခဲ့တယ်။ တခြားသိပ္ပံပညာရှင်တွေလည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ 'ဝါနာ' ရဲ့တွေ့ရှိချက်မျိုး တွေ့ခဲ့ကြရတယ်။ အစိက လေ့လာချက်တစ်ရပ်မှာ ကိုပင်ဟောဂင်က စိတ်ပညာရှင်တွေက စိတ်ကစဥ့်ကရဲ စိတ္တဇဝေဒနာသည်မိခင်တွေ လက်အောက်ကြီးပြင်းလာရသူ ကလေးသူငယ်တွေကို စုံစမ်းစစ်ဆေးကြည့်ကြတယ်။ သာမန်လူတွေထက် စိတ္တဇဗေဒပြဿနာတွေ ပိုရှိနေတဲ့ကြားက ဒီပြဿနာတွေ ပိုတောင့်ခံနိုင်တဲ့ အုပ်စုတစ်စုကို သူတို့ တွေ့ခဲ့ကြတယ်။ ဒီကလေးမျိုးက သူတို့ကြီးပြင်းလာရတဲ့ ဝရုန်းသုန်းကား အခြေအနေတွေကြားက ထုတ်လုပ်ရေးကျကျဘဝတွေကို ခမ်းခမ်းနားနား ရခဲ့ကြတယ်။ နောက်ထပ် ဒေါင်လိုက်လေ့လာချက်တွေမှာ ဆင်းရဲမွဲတေမှုတွေ ရင်ဆိုင်ရတဲ့ ကလေးတွေကြားမှာ သူတို့ရဲ့ ခက်ခဲတဲ့ကြီးပြင်းရတဲ့ ဘဝဆိုးက ဖောက်ထွက်လာနိုင်ကြတဲ့ အုပ်စုကွဲတစ်ခု ပေါ်ထွက်လာတာ

mgyoe.com

mgyoe.com


တွေ့ရတယ်။ ကမ္ဘာတစ်ဝန်းလုံး အင်္ဂလန်က ဆွီဒင်အထိ သြစတြေးလျ အနှံ့ လူမှုရေးသိပ္ပံပညာရှင်တွေက တစ်ဦးချင်းလူတွေ သူတို့အခြေအနေ တွေက ထိုးထွက်လို့ လမ်းကြောင်းဖောက်ထွက်လာကြတာကို လေ့လာ ပြီး ဖြစ်နေတယ်။

လေ့လာချက်တွေထဲက သရုပ်ဖော်နိုင်ဆုံးဖြစ်ရပ်တစ်ခုအဖြစ် နယူးဇီလန်က စိတ်ပညာရှင်တွေက ၁၉၇၇ ခုနှစ်က မွေးလာတဲ့ မွေးစ ကနေ အသက် ၂၁ နှစ်အထိ ကလေးပေါင်း ၁၂၆၅ ယောက်ပါဝင်တဲ့ အုပ်စုတစ်ခုကို ခြေရာခံခဲ့ကြတယ်။ ဒီကလေးတွေနောက် နီးကပ်စွာ လိုက်ပြီး သူတို့တွေ့သမျှ သတင်းအချက်တွေ မှတ်တမ်းယူတယ်။ သူတို့ မိသားစုရဲ့ ငွေကြေးအခြေအနေ၊ နေအိမ်အတွင်း သူတို့ရဲ့အပြုန်လုပ်ရပ် တွေ၊ ကျောင်းအတွင်း သူတို့ရဲ့လုပ်ဆောင်ချက်တွေ၊ သူတို့ရဲ့စိတ်ပညာ ရေးရာ လုပ်ဆောင်ပုံတွေ၊ အရက်၊ မူးယစ်ဆေးသုံး မသုံး၊ အဖျက်လုပ်ငန်း လုပ်လို စိတ်သဘောထားတွေ အားလုံးစစ်ကြည့်တယ်။ ဒီအချက်အလက် တွေ ခန္ဓာကိုယ်အစုအဝေးကို သူတို့ ခွဲခြမ်းစိတ်ဖြာတဲ့အခါ ဘာကြီးကျယ် တဲ့ ခက်ခဲမှုမှမရှိ၊ ပုံမှန်ဘဝတွေနဲ့နေလာသူကလေးတွေရဲ့ ထက်ဝက်ရှိနေ ကြောင်း တွေ့ရတယ်။ အကြမ်းဖျင်းအားဖြင့် ၄၀ ရာခိုင်နှုန်းသောလူတွေ က အခက်အခဲတချို့ ရင်ဆိုင်နေရတာ ကျောင်းမှာ ပြုမူချက်နည်းနည်း ညံ့ဖျင်းတာတွေ ရှိတယ်။

ဒါပေမဲ့ ၁၀ ရာခိုင်နှုန်းသော လူတွေကတော့ အလွန်အကျွံခက်ခဲ ကြမ်းတမ်းမှုတွေနဲ့ ရင်ဆိုင်နေရတယ်။ သူတို့က ကွဲကြေနေတဲ့ နေအိမ် တွေကလာကြပြီး ဆင်းရဲစွာ နေရတယ်။ အိမ်တွင်းအကြမ်းဖက်မှုတွေ တွေ့ကြုံရ၊ မျက်မြင်သက်သေဖြစ်ရနဲ့ သူတို့မိဘတွေကလည်း ပစ္စည်း အလွဲသုံးစားမှု၊ လိမ်လည်မှုတွေနဲ့ ရှုန်းကန်နေရပြန်တယ်။ ဒါပေမဲ့ ဒီလိုဆိုးဝါးတဲ့အခြေအနေတွေအောက်မှာ ကြီးပြင်းလာရတဲ့တိုင်အောင်

mgyoe.com

mgyoe.com


ဒီအုပ်စုရဲ့ ကလေးတွေထက်ဝက်လောက်က အခြေအနေတွေ ကောင်းနေကြတယ်။ အရက်သောက်တာ၊ တခြားမူးယစ်ဆေးမှိုခိုသုံးစွဲတာတွေမရှိ။ စိတ္တဇရောဂါကုရတာတွေ မရှိ။ ဥပဒေကြောင်း ပြဿနာရှင်းရတာ မရှိပါ။ သူတို့ထဲက သုံးပုံတစ်ပုံက နေအိမ်က စိတ်ပညာလက္ခဏာတွေ၊ စိတ်ကျရောဂါတို့၊ စိုးရိမ်သောကကြီးတာတို့ မပြဿကြောင်း သုတေသီတို့ တွေ့ကြရတယ်။

ဒါပေမဲ့ ကံမကောင်းဆုံး အခြေအနေအတွဲကို ဖွင့်လှစ်ထားတဲ့ တစ်ဦးချင်းတွေနဲ့ပတ်သက်လို့ ဘယ်လိုရှိသလဲ။ အမေရိကန်စိတ်ပညာရှင် 'ကယ်ရီဘော့ဂျာ' နဲ့ 'ရှားလော့ပက်တာဆင်' တို့က နှိပ်စက်ခြင်း၊ လျစ်လျူရှုခြင်းရဲ့ သားကောင်တွေဖြစ်ကြရတဲ့ မူလတန်းကလေး ၁၀၇ ယောက်ကို အုပ်စုဖွဲ့ စစ်ဆေးခဲ့တယ်။ သူတို့နှစ်ယောက်က ဒီကလေးတွေကို သုံးနှစ် အချိန်ယူခြေရာခံခဲ့တယ်။ အများစုမှာ အပေါင်းအသင်း ဆက်ဆံရေး၊ အကယ်ဒမစ်ကျောင်းစာလိုက်နိုင်မှု၊ အထွေထွေ အပြုအမူ၊ ကိုယ့်ကိုယ်ကိုယ်လေးစားမှုတို့မှာ အနည်းဆုံး ကျဆင်းမှုတွေကို ပြနေတယ်။ ဒါပေမဲ့ ဒီလို နှိပ်စက်ခံ၊ လျစ်လျူရှုခံကလေးအုပ်စုတွေမှာတောင် ပျမ်းမျှအဆင့်ထက် ပိုလုပ်ပြနိုင်သူ အနည်းငယ်ကို အနည်းဆုံး တစ်နှစ်တာအတွက် တိုင်းတာတွေ့ရှိရတယ်။ သူတို့က တခြားကလေးတွေနဲ့ ကျန်းမာတဲ့ဆက်ဆံရေးတွေ ရှိကြတယ်။ ကျောင်းမှာ စာလိုက်နိုင်ကြတယ်။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထား လေးစားကြတယ်။ စိတ်ပညာပြဿနာတွေလည်း မရှိဘူး။

ဘယ်လောက်ပဲ အခြေအနေတွေ ဆိုးနေပါစေ ကြီးမားတဲ့ အုပ်စုအတွင်းမှာပဲ သူတို့ရင်ဆိုင်တောင့်ခံနေရတဲ့ အရာရာတွေကြားက အားထုတ်ဖောက်ထွက်နေတဲ့ အုပ်စုကွဲလေးတစ်ခုတော့ ရှိနေကြောင်း စိတ်ပညာရှင်တွေ နားလည်လာကြတယ်။ သူတို့က သူတို့ဘဝအခြေ

mgyoe.com

mgyoe.com


အနေတွေ ကျော်လွှားလို့ စိတ်လှုပ်ရှားမှုအရ၊ စိတ္တဗေဒအရ၊ အပြန်အလှန် လုပ်ရပ်တွေအရ သူတို့ အသက်မွေးမှုတွေ ကြွယ်ဝအောင် လုပ်နိုင်ကြတယ်။ ဒီတစ်ဦးချင်းတွေက ဆန့်ကျင်မှုကို တောင့်ခံ၊ သေနတ်ပြီးနေသလိုပါပဲ။ ကြမ်းတမ်းပြင်းထန်တဲ့ အတားအဆီးတွေတစ်လျှောက် မြေအောက်က တူးမြောင်းဖောက်သွယ်ပြီး တခြားတစ်ဖက်ကို ဖောက်ထွက်ပေါ်လာနိုင်ကြတယ်။

တစ်ထပ်တည်းတူနေတဲ့ ကလေး နှစ်ယောက်ကို စဉ်းစားကြည့်ပါ။ အိမ်နီးချင်းအတူတူ၊ တစ်ကျောင်းတည်းအတူတူ၊ မိသားစုချင်းအတူတူ၊ ဆန့်ကျင်ခံရမှုချင်းလည်း အတူတူပဲ ဆိုကြပါစို့။ ကလေးတစ်ယောက်က သူ့ပတ်ဝန်းကျင်က စိတ်လှုပ်ရှားမှု ဝရုန်းသုန်းကားတွေ၊ ပတ်ဝန်းကျင်ရေးရာ ကမောက်ကမတွေကို လက်မြှောက်အရှုံးပေးပြီး စိန်ခေါ်မှု အခက်အခဲတွေ ပြည့်နှက်နေတဲ့ ဘဝတစ်ခုထဲကို ဒယိမ်းဒယိုင်လဲကျသွားတယ်။ ဒုတိယကလေးကတော့ ခက်ခဲမှုအတူတူရင်ဆိုင်ရတာတောင် သူရင်ဆိုင်ရတဲ့ ဆန့်ကျင်မှုတွေတစ်လျှောက် တူးမြောင်းဖောက်သွယ်ပြီး အောင်မြင်ကျန်းမာတဲ့ဘဝတစ်ခုကို ဦးဆောင်ဖောက်ထွက်သွားနိုင်ခဲ့တယ်။ ဒီတစ်ဦးချင်း အတူတူကလေးနှစ်ယောက်မှာ ခုလိုကွဲပြားဆန့်ကျင်နေတဲ့ လမ်းကြောင်းကွဲထွက်စေတာ ဘယ်လိုအကြောင်းရင်းတွေကြောင့်ပါလဲ။

ရုပ်ပိုင်းကျန်းမာရေးမှာ အကောင်းမြင်ရလဒ်တွေရဖို့ တာဝန်ရှိတဲ့ အခန်းကဏ္ဍတွေကို သိကြတယ်။ အာဟာရဓာတ်ပြည့်ဝတဲ့အစားအစာစား၊ အစားမကျူးစေနဲ့၊ ရုပ်ခန္ဓာ လှုပ်ရှားတက်ကြွနေရမယ်။ ကျန်းမာရေးဂရုစိုက်မှုနဲ့ ကျန်းမာတဲ့ဘဝလမ်းကို သွားလို့ရတယ်။ အလားတူ ပညာရေးကောင်းဖို့ ခက်ခဲစွာ စာကြိုးစား၊ အိမ်မှာ လူကြီးတွေက ထောက်ပံ့ကူညီပေး၊ သီးခြားဆရာကောင်း ခေါ်သင်ရင် ကြီးမားစွာ ခြားနားသွား

mgyoe.com

mgyoe.com



မယ်။ ဒါပေမဲ့ ကလေးတွေ၊ ကြီးကောင်ဝင်သူတွေအတွက် ဆန့်ကျင်မှုတွေ ကျော်လွှားရတဲ့အခါ သူတို့က စိန်ခေါ်ချက် အငယ်စားကလေးတွေရင်ဆိုင်ရသလား၊ ဆိုးဆိုးဝါးဝါးတစ်ခုပဲ ရင်ဆိုင်ရသလား။ ကျွန်တော်တို့ အများစုကတော့ မှောင်မိုက်ထဲ ရောက်နေရတယ်။

ဘာကြောင့် လူတချို့က အတားအဆီးတွေတစ်လျှောက်တူးမြောင်းဖောက်သွယ်ကျော်လွှားနိုင်ကြတာလဲ။ ကျဆုံးတော့မလိုထင်ရတဲ့ တစ်ဦးချင်းတွေ ဘာကြောင့်အောင်မြင်လာကြတာလဲ။

တူးမြောင်းဖောက်တဲ့ အယူအဆက သိပ္ပံနည်းကျလမ်းကြောင်းကို အရင်းခံနေတဲ့အတွက် ကွမ်တမ်ရူပဗေဒနယ်ပယ်နဲ့ သက်ဆိုင်နေပါတယ်။ ၁၉၂၀ ကျော်နှစ်တွေအတွင်းမှာ ရူပဗေဒသမားတွေက စကြဝဠာက သူ့ကိုယ်ပိုင်စည်းမျဉ်းတွေကို ချိုးဖောက်ပုံရကြောင်း နားလည်လာကြတယ်။ ဒါက လျှို့ဝှက်ဆန်းကြယ် ပဟေဠိနှစ်ခုနဲ့ ပတ်သက်နေတယ်။

ပထမပဟေဠိက နေလုံး ပါဝင်ပတ်သက်နေတယ်။ ရူပဗေဒရဲ့ ဂန္ထဝင်စည်းမျဉ်းတွေအလိုအရ နေလုံးက တောက်ပဖို့ မရှိဘူး။ ကြယ်တစ်လုံးက အပူတွေ လုံလောက်စွာ စီးဆင်းဖို့၊ ဟိုက်ဒရိုဂျင်အက်တမ်က ဟီလီယမ်ထုတ်ဖို့ မီးရှို့ဖို့ လိုတယ်။ ဟိုက်ဒရိုဂျင်အက်တမ်ကို မီးရှို့ဖို့ အလွန်အကျွံမြင့်မားတဲ့ အပူရှိန်လိုတယ်။ အတိအကျပြောရရင် အပူချိန် ၁၀ ဘီလီယံ လိုတယ်။ ဒီမှာ ပြဿနာအကြီးကြီးပေါ်လာတော့တယ်။ နက္ခတ်ရူပဗေဒသမားတွေက နေလုံးက ပူပြင်းပေမဲ့ အပူချိန် ၁၀ ဘီလီယံတော့ မရှိဘူး။ နေလုံးရဲ့ ဗဟိုချက်မှာတောင် လိုအပ်တဲ့အပူရဲ့ ၁ ရာခိုင်နှုန်းရဲ့ ဆယ်ပုံ တစ်ပုံပဲ ရှိတယ်။

တခြားလျှို့ဝှက်ဆန်းကြယ်တဲ့ပဟေဠိက ရေဒီယိုသတ္တိကြွမှုနှောင့်နှေးတာပါပဲ။ ရေဒီယိုသတ္တိကြွ အခြေခံက သူ့နျူကလီးယက်စ်

mgyoe.com

mgyoe.com



ဆီက အိုင်းယွန်းအမှုန်တွေ ထုတ်လွှတ်ခြင်းဖြင့် စွမ်းအင်တွေပျောက်ဆုံးလို့ ရေဒီယိုသတ္တိကြွမှု နှောင့်နှေးရတာပါပဲ။ ဂန္ထဝင်ရူပဗေဒစည်းမျဉ်းတွေ အလိုအရ ရေဒီယိုသတ္တိကြွမှုက နှောင့်နှေးဖို့ မရှိရဘူး။ ဘာကြောင့်ဆို အဏုမြူတစ်ခု အတူတကွ စုစည်းထားမှုက သိပ်အားကောင်းလွန်းတဲ့အတွက် ဓာတ်မှုန်တွေဟာ ဘယ်တော့မှ ရုတ်တရက် လွတ်ထွက်မသွားသင့်ဘူး။ ဓာတ်မှုန်တစ်ခုအတွင်း နျူကလီးယားအင်အားက သိပ်အားကောင်းလွန်းလို့ အမှုန်တွေ နျူကလီးယားက လွတ်ထွက်ခွင့်မပြုသင့်ဘူး။ ဒါပေမဲ့ ရူပဗေဒသမားတွေ ထပ်တလဲလဲ တွေ့နေရတာက ဓာတ်မှုန်တွေက အခြေခံရူပဗေဒစည်းမျဉ်းတွေကို ဂရုမစိုက်ဘဲ နျူကလီးယားဆီက ထွက်ခွာနိုင်တာပါပဲ။

ဒါကြောင့် ရူပဗေဒသမားတွေက ဒီမဖြစ်နိုင်ချက် နှစ်ခုကို ဘယ်လိုအရေးပါကြောင်း သိသွားရတာလဲ။

အဏုမြူခွဲဓာတ်မှုန်တွေက စည်းမျဉ်းနှစ်မျိုးငြိနေကြောင်း ပေါ်လာပါတယ်။ တစ်ခုက ဂန္ထဝင်ရှေးရိုး "ဖြတ်ထိုးဉာဏ်" ဖြစ်ပြီး သူနဲ့လာငြိနေတာက တူးမြောင်းဖောက်သွယ်တဲ့ "ဖြစ်နိုင်ခြေတိမ်တိုက်" စည်းမျဉ်းတွေပါပဲ။ ဂန္ထဝင်ရှေးရိုးစည်းမျဉ်းတွေက ဖြတ်လမ်းတိုတွေပဲပေါ့။ သူတို့က ရူပဗေဒဂန္ထဝင်စည်းမျဉ်းပေါ်မှာ အခြေခံတဲ့ရုပ်ဝတ္ထုပစ္စည်းတွေက လုပ်နိုင်တဲ့ အကန့်အသတ်တွေပါပဲ။ အခြားတစ်ဖက်မှာ တူးမြောင်းဖောက်တဲ့စည်းမျဉ်းကတော့ များစွာ ညစ်ပတ်မှောင်မိုက်ပြီး တိမ်တိုက်လိုပါပဲ။ အဏုမြူခွဲဓာတ်မှုန်တိုင်းမှာ "ဖြစ်နိုင်ခြေတိမ်တိုက်" တွေရှိပြီး ယင်းတို့က သူ့တည်နေရာကို ဆုံးဖြတ်တယ်။ ဖြစ်နိုင်ခြေတိမ်တိုက်တွေမှာ စိတ်ကူးလို့ရတဲ့ ဖြစ်နိုင်စွမ်းတွေ အားလုံးပါဝင်နေတယ်။ သူတို့က ဂန္ထဝင်စည်းမျဉ်းတွေကို အန်တုနေသေးတယ်။ အမှန်တကယ်ဘာတွေဖြစ်နေကြောင်းနဲ့ ဖြစ်နိုင်ခြေတွေက လုံးဝကြုံရာကျပန်းပေါ်လာ

mgyoe.com

mgyoe.com



တတ်ကြောင်းတွေကို ဒီဖြစ်စဉ်က ဆုံးဖြတ်တယ်။ ဘယ်သူမှ အပြည့်အဝ နားမလည်ကြဘူး။ ရူပဗေဒဆရာတွေက ဒီတည်နေရာဖြစ်စဉ်ထဲမှာ ထူးခြားချက်တွေ အတိအကျပါဝင်နေတယ်လို့ ဆုံးဖြတ်ရာမှာ သိပ်တော် လာတယ်။ ဒါကြောင့် ဘယ်နေရာဓာတ်မှုန်တစ်ခုပေါ်လာမယ်ဆိုတာ ထူးခြားချက် ဧရာမတိကျစွာ နိမိတ်ဖတ်နိုင်ကြတယ်။ ဒါပေမဲ့ ဖြစ်နိုင် ခြေတိမ်တိုက်တွေ ဘယ်လိုလုပ်သွားလို့ ဘာကြောင့်ဖြစ်တည်နေရတယ် ဆိုတာကို ဘယ်သူမှ နားမလည်ကြပါဘူး။ မိုက်ခရိုစကုပ်နဲ့ ကြည့်ရတဲ့ ဓာတ်မှုန်တွေ ပေါ်လာတာ၊ ပျောက်သွားတာတွေဟာ မမြင်နိုင်တဲ့ "Star Trek" ထရန်စပို့တာ သယ်ယူရေးယာဉ်တွေ သူတို့သုံးနေသလိုပါပဲ။

ကြံ့ရာကျပန်းတူးမြောင်းဖောက်ဖို့ ဖြစ်နိုင်ခြေဟာ ဓာတ်မှုန် တစ်ခုကို သူရောက်နိုင်စွမ်းမရှိဘူးလို့ ထင်ရတဲ့နေရာတစ်ခုဆီသွား တည်နေတတ်တယ်။ ဒါကြောင့် အဏုမြူခွဲဓာတ်မှုန်တွေဟာ မဖြစ်နိုင် ဘူး ထင်ရတာတွေကို ကျော်လွှားနိုင်ကြတာပါပဲ။

တကယ်လို့ ဖြစ်နိုင်ခြေတိမ်တိုက်က ဓာတ်မှုန်တစ်ခုကို ယူရေ နီယမ် နျူကလီးယက်စ်တစ်ခုအပြင်မှာ နေရာချမယ်ဆိုရင် နျူကလီး ယက်စ်က နေ့းကွေးသွားမှာပဲ။ ဟိုက်ဒရိုဂျင်အက်တမ်တစ်ခုက နောက် ဟိုက်ဒရိုဂျင်အက်တမ်တစ်ခုနားကို သိပ်နီးကပ်စွာ ကြံ့ရာကျပန်းနေရာ ယူရင်း ဟေလီယမ်ကို ထုတ်လုပ်ဖို့သူတို့ ရှိနိုင်တယ်။

လူသားလိုကြီးမားတဲ့ ဒြပ်ထုတောင် ဖြစ်နိုင်စွမ်းတိမ်တိုက်တစ်ခု ရဲ့ အာနိသင်သက်ရောက်သွားတဲ့ ဝတ္ထုဖြစ်နိုင်တယ်။ ဒါပေမဲ့ ဝတ္ထုရဲ့ ဒြပ်ထု ပိုကြီးလာလေလေ ဖြစ်နိုင်ခြေတိမ်တိုက်က ပိုသေးငယ်လေလေ ပဲ။ ဒါက သင် ဘာကြောင့် စားပွဲ၊ ကုလားထိုင်တွေနဲ့ လူတွေ နေရာအနှံ့ မှာ ပေါ်လာလိုက် ပျောက်သွားလိုက်ဖြစ်နေတာတွေ သင် မတွေ့ရတာပဲ ဖြစ်တယ်။ ရူပဗေဒဆရာတွေ သင့်လက်တွေ နံရံပေါ်ဖိတဲ့အခါ ဒီလုပ်ရပ်

mgyoe.com

mgyoe.com


တွေ ထပ်ခါထပ်ခါ တစ်ဒါဇင်ဘီလီယံနှစ်လောက်ဖြစ်နေမှာကို တွက်ချက်လို့ရတယ်။ အကြိမ်ထရေလီယံပေါင်းများစွာ သင့်လက်က နံရံကို အောင်နိုင်စွာ တူးမြောင်းကို တခြားတစ်ဖက်ပေါက်တဲ့အထိ ဖောက်နိုင်သွားတယ်။

ကွမ်တမ်တူးမြောင်းဖောက်တာနဲ့ ပတ်သက်တဲ့အချက်က အဏုမြူနဲ့ ဓာတ်မှုန်တွေက ဂန္ထဝင်ရှေးရိုးရာအစဉ်အလာစည်းမျဉ်းတွေကို အန်တုနေတာပါပဲ။ မျက်နှာပြင်ပေါ်မှာ ဖြစ်နေသမျှက မဖြစ်နိုင်တာတွေပါပဲ။ စိတ္တဗေဒနယ်မှာလည်း အလားတူစွာ တစ်စုံတစ်ရာတစ်ဦးချင်းတွေက ဂန္ထဝင်စိတ္တဗေဒအတားအဆီးတွေကို အန်တုပြီး အောင်မြင်မှုတွေ ရယူအားထုတ်ကြတယ်။ ဒီကနေ လူ့သဘာဝနဲ့ပတ်သက်ပြီး အခြေခံတွေ ရလိုက်တာပါပဲ။ ကံကောင်းစွာ ကွမ်တမ်ဖြစ်နိုင်စွမ်းတိမ်တိုက်နဲ့မတူဘဲ ကျွန်ုပ်တို့ စိတ္တဗေဒအကန့်အသတ်တွေကို ကျော်လွှားမယ့်ဖြစ်နိုင်ခြေတွေက ကျွန်တော်တို့ပတ်လည်ကမ္ဘာကြီးနဲ့ ဘဝတွေအပေါ် ကျွန်ုပ်တို့သဘောထားတွေ ရွေ့ပြောင်းနေစဉ်မှာ တက်တက် ကြွကြွတိုးပွားလာတယ်။ တိုးတက်ရေးစိတ်ပညာရှင်တွေ အဖွဲ့အစည်းရေးရာပြုမူချက်တွေ၊ စီမံခန့်ခွဲမှု စိတ္တဇကုသရေးနယ်တွေမှာ ဘဝအတားအဆီးတွေ ဖောက်ထွက်တူးမြောင်းသွယ်ကြတဲ့ လူတွေမှာ ပုန်းခိုနေတဲ့ အရည်အချင်းတွေကို သင်္ကေတဖော်ဖို့ ရှိနေတယ်။ တူးမြောင်းဖောက် သူတွေကို တန်ခိုးစွမ်းအားတွေပေးတဲ့ စိတ္တဗေဒအခန်းကဏ္ဍနဲ့ စရိုက်လက္ခဏာတွေအောက်က ဘာတွေထွက်ပေါ်လာသလဲ။

ကျွန်တော်တို့အများစုက စိတ္တဗေဒဥပဒေတွေ၊ စည်းမျဉ်းတွေကောင်းစွာ နားလည်ရင်း ကျွန်တော်တို့ အချိန်အများစုကို လမ်းညွှန်ခဲ့ကြတယ်။ ဒိဋ္ဌတရားအဖြစ် လက်ခံနေရတဲ့ ထိုးဖောက်နိုင်ဖွယ် မထင်ရတဲ့ အတားအဆီးတွေကို ဘယ်လိုကျော်ဖြတ်ရကြောင်း ကျွန်တော်တို့

mgyoe.com

mgyoe.com



လေ့လာနိုင်ကြတယ်။

ဒီစာအုပ်က လူတွေက ရင်ဆိုင်နေရတဲ့ အကန့်အသတ် အတားအဆီးတွေကို ဘာကြောင့် တူးမြောင်းဖောက်နိုင်ကြတယ်ဆိုတာတွေ တူးဖော်ထားတယ်။ ဘယ်လို ဒီလိုတူးမြောင်းဖောက်တာတွေ ရောက်လာရတာလဲ။

စိတ်ပညာရှင်တစ်ယောက်အနေနဲ့ အလုပ်လုပ်ရင်း တူးမြောင်းဖောက်သူတွေ၊ အမှုသည်တွေ အရေအတွက်များများနဲ့ အပြန်အလှန်ဆွေးနွေးရုံနဲ့ ဂုဏ်ယူစရာဖြစ်နေပါတယ်။ သူတို့ဘဝထဲက အခက်အခဲတွေနဲ့ ရင်ဆိုင်ရတဲ့အခါ မှန်းဆမရတဲ့ ပြင်းထန်မာကျောမှုတွေ ပြသလာတတ်တယ်။ ဒီလိုကြားထဲက သူတို့ရဲ့ အခက်အခဲတွေ၊ စိန်ခေါ်ချက်တွေကို ကျော်လွှားနိုင်တဲ့ သူတို့ရဲ့ အရည်အချင်းတွေကို ကျွန်တော်တူးဖော်ကြည့်တယ်။ သူတို့ရှေ့က ဖြစ်ရပ်တွေကို ကျွန်တော် ချကြည့်မိတယ်။ သူတို့ဖြတ်သန်းသွားသမျှတွေ လိုက်ကြည့်ရတယ်။ သင့်ရဲ့ကလေးဘဝဆင်းရဲမှုတွေက လွတ်မြောက်အောင် ဘယ်လိုစီမံဆောင်ရွက်သလဲ။ သင့်အတွက် ခြားနားချက်တွေ လုပ်နိုင်မယ်လို့ ထင်သလား။

ဒီစာအုပ်ရဲ့ လမ်းကြောင်းတစ်လျှောက် စစ်ပြန်ကနေ CEO အထိ တူးမြောင်းဖောက်တတ်သူတွေ အသက်အရွယ်မရွေး ကျွန်တော်တို့ တွေ့ဆုံခဲ့ကြတယ်။ ထူးခြားချက်တွေကို အန်တုကြတဲ့သူတို့ရဲ့ အရည်အချင်းတွေကို ဖော်ထုတ်ကြည့်ပါတယ်။

တူးမြောင်းဖောက်သူတွေက သူ့ပတ်လည်က လူတွေနဲ့ ဘယ်လိုခြားနားစွာ လုပ်နိုင်ကြတာလဲ။

ဒီအခန်းစောစောပိုင်းမှာ ပထမဆုံး တူးမြောင်းဖောက်သူကို ကျွန်တော်တို့တွေ့ခဲ့ပြီးပြီ။ မိန်းနယ်က 'ပါစီစပင်ဆာ' ပါပဲ။ ကလေးဘဝက သူ့ရဲ့ ကျောင်းပညာရေးခရီးဆက်ဖို့ ငွေရေးကြေးရေးခက်ခဲခဲ့ရလို့

mgyoe.com

mgyoe.com


ရွေးချယ်စရာမရှိ။ နေ့ဘက်အလုပ်ကြမ်း လုပ်ရတော့တယ်။ အဖေနဲ့ ဦးလေးတို့ သေဆုံးသွားပြီး မိခင်က ထွက်ပြေးစွန့်ခွာသွားခြင်းခံရတဲ့ စပင်ဆာ့အတွက် ဘဝရှင်သန်ဖို့ အလုပ်ကြမ်းသမားဘဝထက် ပိုတိုးတက်ဖို့ အလားအလာ မရှိပါဘူး။ ဒါပေမဲ့ သူ့ရဲ့မြေးတော်မယ့် 'ရော့ဒ် စပင်ဆာ' ရှင်းပြချက်အရ "အဘိုးက ခြားနားတဲ့လမ်းကြောင်းတစ်ခုကို လုပ်သွားပါတယ်" လို့ သိရတယ်။

ကျောင်းဆက်မတက်နိုင်ပေမဲ့ 'စပင်ဆာ' က သူ့ပညာရေးကို ဖြစ်တဲ့နည်းနဲ့ ဆက်သင်ယူတယ်။ ကိုယ့်ကိုယ်ကိုယ် သင်ကြားရေးနဲ့ သင်လို့ရသမျှ သင်္ချာ၊ သိပ္ပံပညာ၊ နည်းပညာတွေ ဆက်သင်ယူတယ်။ အားလပ်တဲ့သူ့အချိန်တွေမှာ စိတ်ပိုင်းစိန်ခေါ်ချက်တစ်ရပ်အဖြစ် အက္ခရာ သင်္ချာပုစ္ဆာတွေ၊ အင်ဂျင်နီယာပြဿနာတွေ ဖြေရှင်းတတ်တယ်။ တခြား နည်းလမ်းနဲ့ ပညာရေးခရီးဆက်ပုံကို သူ့ဟာသူ "ကိုယ့်ကိုယ်ပိုင် အခြေအနေနဲ့ ဖြေရှင်းခြင်း" လို့ ခေါ်ထားသတ်မှတ်ခဲ့တယ်။

အခြေအနေတွေကို လက်လျှော့အရှုံးပေးမယ့်အစား ဖြစ်နိုင်ခြေတွေ ပြည့်နှက်နေတဲ့ အနာဂတ်တစ်ခုကို တူးမြောင်းဖောက်သွယ်ရင်း သူ့ကို ထာဝရပိတ်ဆို့နေတဲ့ တံခါးတွေကို တွန်းဖယ်ငြင်းဆိုပစ်ပါတယ်။

စပင်ဆာက ၁၆ နှစ်အရွယ် ရောက်လာတဲ့အခါ ဒေသခံစက်ရုံ စက်က ခေတ်မီအောင် လျှပ်စစ်မီးတပ်ချင်နေတယ်။ ဒါပေမဲ့ အဲဒီ အချိန်က ဘယ်သူမှ လျှပ်စစ်မီးအကြောင်း မသိကြဘူး။ 'စပင်ဆာ' လည်း မသိဘူး။ ဒါပေမဲ့ ဘဝတစ်လျှောက်လုံး စက်ကိရိယာတွေ ဝါသနာပါလာတာမို့ ဒီပရောဂျက်ကို သူ စိတ်ဝင်စားလာတယ်။ ဂန္ထဝင်ကျတဲ့ စိတ္တဗေဒဘက်စုံအမြင်ဆီက စပင်ဆာ့အခြေအနေမျိုးမှာ လူအများစု က သူတို့လည်း လျှပ်စစ်အကြောင်း ဘာမှမသိတာမို့ ဒီကိစ္စခေါင်းရှုပ်ခံပြီး ထည့်စဉ်းစားမှာ မဟုတ်ဘူး။ စပင်ဆာဟာ မူလတန်းအထိ နေခဲ့ရတာ

mgyoe.com

mgyoe.com



ကို ပြန်သတိရပါ။ သီးခြား ဘာကျွမ်းကျင်မှုမှမရှိတဲ့ ဆယ်ကျော်သက်ကောင်လေးတစ်ယောက်ပဲဖြစ်တယ်။

လုပ်ငန်းခွင်သင်တန်း ဘာမှမတက်ဖူးတဲ့သူဟာ တခြားလျှပ်စစ်အကြောင်း တတ်ကျွမ်းသူနှစ်ဦးနဲ့ လက်တွဲအလုပ်လုပ်ရင်း ပရောဂျက်ကပြည့်ပြည့်စုံစုံပြီးစီးသွားတော့တယ်။ 'စပင်ဆာ' ကိုယ်တိုင်လည်း ဘက်စုံကျွမ်းတဲ့ လျှပ်စစ်မီးဆရာဖြစ်လာတော့တယ်။ သူ့ဘဝတစ်လျှောက် ဒီလိုတူးမြောင်းဖောက်တဲ့ ရွေးချယ်မှုပုံစံတွေ လုပ်လာခဲ့တာချည်းပါပဲ။ "တိုင်တန်းနစ်" သင်္ဘောကြီးနစ်မြုပ်စဉ်က ရှင်သန်ကျန်ရစ်အောင် ဝါယာလက် ကြေးနန်းလုပ်ငန်းနဲ့ ကယ်ခဲ့သူ ကြိုးမဲ့ကြေးနန်းဆက်သွယ်ရေးအော်ပရေတာတစ်ယောက်ကို အားကျအတုယူလိုတာနဲ့ စပင်ဆာဟာရေဒီယိုအော်ပရေတာသင်တန်းတက်ဖို့ မျှော်လင့်ချက်နဲ့ ရေတပ်ထဲဝင်လိုက်တယ်။ သူ့ပညာရေးအကန့်အသတ်ရှိနေတဲ့ကြားက "ဖတ်စာအုပ်တွေ တစ်ပုံတစ်ခေါင်းကြီးကိုင်ပြီး တစ်ညလုံးရပ်ပြီး ဖတ်မှတ်ခဲ့ရတယ်" လို့ သူရှင်းပြခဲ့တယ်။

စပင်ဆာ အသက် ၅၀ ပြည့်လာတဲ့အချိန်မှာတော့ ကာကွယ်ရေးကန်ထရိုက်တာကုမ္ပဏီတစ်ခုမှာ ပူးတွဲတည်ထောင်သူနဲ့ ဒုဥက္ကဋ္ဌအဖြစ်လုပ်နေတယ်။ ကလေးဘဝကတည်းက တိရစ္ဆာန်တွေကို ချစ်မြတ်နိုးပြီးမိန်းနယ်တောစပ်တွေမှာ ပျော်မွေ့ရင်း ကြီးပြင်းလာခဲ့တာပါ။ အခွင့်ရတိုင်း ရှဉ့်လေးတွေ၊ ငှက်ကလေးတွေကို အစာကျွေးနေကျပါပဲ။ တစ်နေ့မြေပဲသကြားချောင်းလေး အင်္ကျီအိတ်ထဲ ထည့်မိလျက်သားနဲ့ ဓာတ်ခွဲခန်းထဲရောက်သွားစဉ် အိတ်အတွင်းက သကြားချောင်းက အရည်ပျော်ကျသွားတယ်။ သူ့အမှားကို စုံစမ်းစစ်ဆေးရင်း မမျှော်လင့်ဘဲ သူ"မက်ကနယ်ထရွန်" Magnetron ကို တွေ့ရတော့တယ်။ ပါဝါ မြင့်တဲ့လေဟာနယ်ပြွန်ချောင်းအတွင်း ဖြတ်သန်းသွားတဲ့ လျှပ်စစ်လှိုင်းပါပဲ။

mgyoe.com

mgyoe.com



ခာတ်ခွဲခန်းထဲမှာ ရေဒါသုံးဖို့ Magnetron ကို ထုတ်လုပ်ကြပါ တယ်။ ဒီစက်က အစားအစာကို အရည်ပျော်ကျစေနိုင်ကြောင်း ဘယ်သူမှ မတွေးမိကြဘူး။ 'စပင်ဆာ' က ပြောင်းဖူးပေါက်ပေါက်ဆုပ်ကို Magnetron နား ကပ်ကြည့်လိုက်တဲ့အခါ ပေါက်ပေါက်ဆုပ်က ဖောက်ခနဲ မြည်ပြီး ပေါက်သွားတယ်။ Magnetron က အစာကို အပူဓာတ်ပေး ကြောင်းကို နားလည်သွားတာ 'စပင်ဆာ' က ပထမဆုံးလူတော့ မဟုတ် ပါဘူး။

သူက Magnetron ကို နည်းနည်းမွမ်းမံပြီး "ရေဒါအတိုင်းအတာ range" ကို ထွင်လိုက်တယ်။ တစ်နည်းအားဖြင့် ယနေ့ လူသိများနေတဲ့ "မိုက်ခရိုဝေ့မီးဖို" ကို ထွင်လိုက်တာပါ။

'ပါစီစပင်ဆာ' ရဲ့ ခရီးက ထူးခြားလှပါတယ်။ ဒါပေမဲ့ ကျွန်တော် တို့အများစုက ကျွန်တော်တို့ဘဝတွေမှာ တူးမြောင်းတူးသမားတွေကို ခွဲခြားနိုင်ကြပါတယ်။ ဘားရက်အိုဘားမားရဲ့ သမ္မတဖြစ်လာတဲ့ ဘဝ လမ်းကြောင်းကို စဉ်းစားကြည့်။ 'ဆိုနီယာဆိုတိုမေယာ' ရဲ့ တရား လွှတ်တော်ချုပ်ထိ ရာထူးတက်လာပုံ၊ 'စကော့ဘရောင်း' ရဲ့ ဆီးနိတ် အမတ် ဟောပြောချက်တွေက သူ့ရဲ့ဆင်းရဲမွဲတေနိုပ်စက်ခံကလေးဘဝ နဲ့ တခြားစီ ဖြစ်နေတယ်။

ဖက်ရှင်ဒီဇိုင်နာလောကမှာ 'ဘေယွန့်နောလယ်'၊ 'အဲလီဇဘက် ဟာလေ'၊ 'အိန်ဂျယ်လီကာဂျိုလီ' တို့ ပါဝင်ကြတယ်။

ဒါပေမဲ့ အမှတ်တရအဖြစ် ဖက်ရှင်ဒီဇိုင်နာ 'အဲလီတာဟာရီ' ရဲ့ဘဝကို ကြည့်ကြပါစို့။ သူ့ဘဝက ချစ်စရာမကောင်းပါဘူး။ စက်မှု လောကရဲ့ သွေးဆောင်ဖြားယောင်းမှုထဲ ကျခဲ့ရသူပါပဲ။ 'တာဟာရီ' ကို ၁၉၅၂ ခုနှစ်က ဂျေရုဆလင်မှာ အီရန်လူမျိုး ရွှေ့ပြောင်းအခြေချတွေ က မွေးဖွားလာခဲ့တယ်။ သူ့မိသားစုတွေ ဘယ်သူဘယ်ဝါမှန်း မသိခဲ့။

mgyoe.com

mgyoe.com


သူကလေးဘဝကတည်းက မိဘတွေ ကွာရှင်းခဲ့ကြတယ်။ ချက်ချင်း ဖခင်က မိသားစုကို စွန့်ပစ်သွားတယ်။ မိခင်တစ်ယောက်တည်း ကလေးတွေကို ကြည့်ရှုမထိန်းသိမ်းနိုင်ပါဘူး။ လူမှုဝန်ထမ်းရတာတွေ ပါလာရတာပေါ့။ တာဟာရီက သူ့ရဲ့ ကျန်ကလေးဘဝတွေကို မိဘမဲ့ဂေဟာတွေ အနှံ့ နေခဲ့ရတယ်။

သူ့အသက် ၂၀ အရွယ်မှာ သူနယူးယော့ခ်ကိုသွားပေမဲ့ စုမိတဲ့ ပိုက်ဆံက နည်းနည်းလေးရယ်။ ဘတ်ဂျက်က တစ်နေ့မှာ သုံးဒေါ်လာပဲ သုံးနိုင်တယ်။ ၁၉၇၀ ခုနှစ်တွေ စောစောပိုင်းမှာ တစ်နေ့ သုံးဒေါ်လာနှုန်းက ဘာမှသုံးလို့မရပါ။ ညဘက်တွေမှာ ဗဟိုပန်းခြံကြီးက ခုံတန်းတွေပေါ်မှာ အိပ်ရတယ်။ ကိုယ့်ဘဝကို သနားနေမယ့်အစား စွန့်စားခန်းတွေပဲလို့ သဘောထားရတယ်။ ခြေသလုံးအိမ်တိုင်ဘဝပါပဲ။

နောက်ဆုံး သူ အလုပ်တစ်ခုရတယ်။ လမ်းဓာတ်မီးတိုင်က မီးသီးတွေလဲတပ်ပေးရတဲ့ အလုပ်ပါပဲ။ ညနေပိုင်းတွေမှာ အပိုဝင်ငွေရဖို့ ခေတ်ဆန်ဆန် အထည်ဆိုင်တစ်ခုမှာ ဝင်လုပ်တယ်။ သူက ကနဦးက အဝတ်အထည်တွေ၊ ဒီဇိုင်းတွေကို စိတ်မဝင်စားပါဘူး။ ဒါပေမဲ့ သူ့ဖောက်သည်တွေ ဘာကြိုက်တတ်မှန်း သူမှန်းဆတတ်တာကို တွေ့လာရတယ်။ ဒါကြောင့် သူ့လက်နဲ့ ကိုယ်ပိုင်ဒီဇိုင်းတွေ စထွင်တော့တယ်။ အကြီးမားဆုံးပြဿနာက သူ့ကို ဘယ်သူမှ မသိကြတာပါပဲ။

တကယ်လို့ သင်က ရွှေ့ပြောင်းအခြေချလာရသူလည်း ဖြစ်၊ ရန်ပုံငွေအကန့်အသတ်နဲ့ ဖြစ်နေ၊ ဒီစက်မှုလောကနဲ့ အချိတ်အဆက်မရှိသေးရင် သင့်ရပိုင်ခွင့်က သင့်ရဲ့ဖန်တီးမှုပါရမီကိုပဲ အားကိုးဖို့ရှိတော့တယ်။ ကိုယ့်အားကိုယ်ကိုးဖို့ကလွဲပြီး တခြားရွေးချယ်စရာ မရှိပါ။ ဒေသခံဟိုတယ်တစ်ခုမှာ ဖက်ရှင်ရှိုးပွဲတစ်ခုလုပ်မယ်လို့ သူသတင်းကြားတော့ သူလျှို့ဝှက်စွာ သွားကြည့်ဖို့ ဆုံးဖြတ်တယ်။ ထိပ်ဆုံးပွဲကြည့်

mgyoe.com

mgyoe.com


ဆောင်ကို ရွေးလိုက်တယ်။ သူထွင်ထားတဲ့အဝတ်တွေ တတ်နိုင်သမျှ သယ်သွားပြီး ထိပ်ဆုံးပွဲကြည့်ဆောင်အတွင်းက စကြံလမ်းနံရံပေါ်မှာ သူ့အဝတ်တွေ အကုန်လွှားချပြသထားပါတော့တယ်။ သူ့ရဲ့ ပျံကျဈေး သည်စတိုင် ခင်းကျင်းပြမှုက ခပ်ကြမ်းကြမ်းရိုင်းသလိုရှိပေမဲ့ ပရိသတ် ကို ဆွဲဆောင်မှုက တဖြည်းဖြည်းနဲ့ များလာပြီး တာဟာရီက သူ့ပန်းတိုင် ကို ရလိုက်ပါတော့တယ်။ ဟိုတယ်လုံခြုံရေးတွေက ထိပ်ဆုံးပွဲကြည့် ဆောင်မှာ လူအုပ်ကျနေတာ သတိထားမိသွားပြီး စုံစမ်းဖို့ တက်လာ တယ်။

တရားဝင်ထိုင်ခုံမရှိတဲ့ တာဟာရီက သူ့အဝတ်တွေ ပြန်ခေါက် သိမ်းပြီး အောက်တစ်ထပ်မှာပြောင်းပြီး ခင်းကျင်းပြသပါတယ်။ လုံခြုံရေးတွေက အောက်တစ်ထပ်ကို လိုက်လာပြန်တော့ လုံခြုံရေးတွေ ကို မျက်ခြည်မပြတ် စောင့်ကြည့်နေတဲ့ တာဟာရီက အောက်နှစ်ထပ်နိမ့် တဲ့နေရာကို ပြောင်းပြသပြန်ပါတယ်။ ဒီလိုနဲ့ ဟိုတယ်ရှိသမျှ အထပ်တွေ အကုန်တစ်ထပ်မှမကျန် သူပြသဖြစ်သွားတယ်။ တစ်နေ့တာလည်း ဆုံးရော သူ့လက်ရာတွေ အော်ဒါမှာကြတာ ၂၅၀၀၀၀ ရသွားပါတော့ တယ်။ သူ့ရဲ့ ကနဦးပစ်မှတ်ကိုတောင် ကျော်လွန်သွားတယ်။ "ကျဆုံး သွားရင်တော့ ကျွန်တော် အိုးမဲ့အိမ်မဲ့ဘဝ ပြန်ရောက်ရဦးမယ်" လို့ သူက ရေရွတ်မိတယ်။ ခုတော့ သူ့ဖက်ရှင်အင်ပါယာကြီးတစ်ခုလုံး က လက်ရှိတန်ဖိုးအားဖြင့် ဘီလီယံ ဒေါ်လာ ၁ ဘီလီယံတစ်ဝက် ရှိလေ တယ်။

နယူးယော့ခ်ရဲ့ မြောက်ဖလော်ရီဒါက ရာဇဝတ်မှုတွေ ထူပြောတဲ့ နွံ့အိုင်မြို့ကလေးတစ်မြို့မှာ နောက်ထပ် တူးမြောင်းဖောက်သမား 'မာ ရှောင်မာဒီဂေးလယတ်' ဆိုသူဟာ သူ့ကိုယ်ပိုင် အတားအဆီးဝေစုတွေနဲ့ အတူ ရောက်လာပါတယ်။

mgyoe.com

mgyoe.com


၁၉၈၆ ခုနှစ်မွေးတဲ့ 'ဂေးလယတ်' က နာရီများစွာကြာအောင် အလုပ်လုပ်ရတဲ့ တစ်ကိုယ်တော်မိခင်အောက်မှာ ကြီးပြင်းခဲ့ရတယ်။ အခြေအနေတွေ ပိုဆိုးတာက ငွေကြေးက ကျပ်တည်း၊ အိမ်မှာ လျှပ်စစ်မီးက ပြတ်တောက်၊ စားရတဲ့အစာက အကန့်အသတ်နဲ့ မလောက်မင။ ကိုယ့်ဟာကိုယ် သူနဲ့ သူ့ညီတို့နှစ်ယောက် ရသလောက်ကလေးတွေနဲ့ စားလို့ရအောင် ကြံဖန်လုပ်ရတယ်။ သူတို့စိတ်ကြိုက်လုပ်တဲ့ အစားအစာကတော့ မာယွန်းနီးစ်ဆင်းဒဝစ်ပါပဲ။ ပေါင်မုန့်နဲ့ညှပ်ပြီး စားရတယ်။ နောက်ထပ် ဂျုံအနှစ်ရည်တစ်ဖန်ခွက်နဲ့ မျှောချရတာပေါ့။ "မျက်စိကို မှိတ်ပြီး ဝါးစားပစ်လိုက်တာပဲ" လို့ ပြောပြတယ်။

သူ့ရဲ့ စွဲလမ်းတဲ့ဝါသနာက ဘောလုံးကစားခြင်းပါပဲ။ အပြေးမြန်တာက အားတစ်မျိုးပဲပေါ့။ 'ဂေးလယတ်' ဟာ အထက်တန်းကျောင်းဘောလုံးအသင်းမှာ နာမည်ထွက်လာပြီး စတားတစ်လက်ဖြစ်လာတယ်။ ၂၀၀၅ ခုနှစ် "စင်စင်နတီ" တက္ကသိုလ်ဘောလုံးအသင်းဝင်အဖြစ် ပညာတော်သင်ဆု ရသွားတယ်။ စင်စင်နတီတက္ကသိုလ်မှာ တစ်ဖက်က ကျောင်းစာလည်း တော်အောင်လုပ်ရ၊ ကျန်တစ်ဖက်က ဘောလုံးကန်လေ့ကျင့်ရတာလည်း လုပ်ရတာနဲ့ လူငယ်အားကစားတစ်ယောက်အတွက် မလွယ်လှပါဘူး။ ကျောင်းစာတွေ မလိုက်နိုင်ဘဲ အမှတ်တွေကျလာလို့ နည်းပြဆရာက သူ့ကို အသင်းကနေ ကန်ထုတ်ပစ်တော့တယ်။ ပညာတော်သင်ဆုပါ အလိုလိုလက်လွှတ်လိုက်ရတယ်။

နေအိမ်ကနေ မိုင်ပေါင်းရာချီဝေးတဲ့ ကောလိပ်ကိုလာပြီး ဘောလုံးသမားဘဝနဲ့ စာလာသင်ရတဲ့ ဆယ်ကျော်သက်လူငယ်လေးတစ်ယောက်ရဲ့ အိပ်မက်က ဒီမှာတင်ကွဲကြေသွားရတော့တယ်။ ပိုဆိုးတာက ပညာရေးခရီးဆက်ဖို့ ငွေကြေးကချို့တဲ့နေပြန်တယ်။

အခြေအနေဆိုးလာလို့ ဂေးလယတ်အိမ်ကို ပြန်လာရတယ်။ အိမ်

mgyoe.com

mgyoe.com



ရောက်ရောက်ချင်း အမေ့ကို ဖြစ်ခဲ့သမျှ အကြောင်းစုံပြောပြရတယ်။ အသိပေးရုံထက် အမေကလည်း ဘာမှလုပ်မပေးနိုင်ပါဘူး။ သားဖြစ်သူ အိမ်ပြန်လာတာကိုပဲ မမြင်ချင်ဘူး ဖြစ်နေတယ်။ စင်စင်နတီမှာပဲ တက်နေရမယ်လို့ သားဖြစ်သူကို အတင်းတွန်းလွှတ်တယ်။ "မင်း ဒီမှာ ဆက်နေရင် သင်္ဘောပေါ်တင်ပြန်ပို့ရမှာပဲ" တဲ့။

စင်စင်နတီကို ပြန်သွားရတာ အခက်အခဲတွေက ပိုကျပ်လာတယ်။ ပညာတော်သင်ဆုမှ မရတော့ဘဲ တက္ကသိုလ်တက်ရတဲ့ စရိတ်အမျိုးမျိုးက ကျောင်းမှာ သူ ဒေါ်လာ ၁၀,၀၀၀ ကြွေးတင်လာရတယ်။ ကျူရှင်ခတွေပါသေးတယ်။ ဒီကြွေးက သူ့အတွက် ဒေါ်လာ ၁၀ သန်းလောက် ရှိတယ်။ ကျောင်းနေရင်း ပိုက်ဆံအသည်းအသန်ရှာရတော့မယ်။ သူ့မှာ ဘောလုံးအပြင် တခြားပါရမီတော့ ရှိသေးတယ်။ ရသလောက် ဟင်းအမယ်တွေနဲ့ စားကောင်းမယ့် ဟင်းတစ်ခွက်ချက်ပြုတ်တတ်တာပဲ ဖြစ်တယ်။

သူ ယခု ကန့်သတ်ထားတဲ့ အရင်းအမြစ်တွေထဲက ပိုက်ဆံတွေစောင်းတင်ခုတ်မောင်းဝင်လာဖို့ ဖန်တီးမှုနည်းလမ်းတစ်ခု ရှာရတော့မယ်။ ကုန်ကျစရိတ် အနည်းဆုံးဖြစ်ဖို့ ကျောင်းဆောင်မှာ မနေတော့ဘဲ ကားနဲ့မတက်တော့။ သူငယ်ချင်းတွေအိမ်တွေမှာ ညဘက်သွားအိပ်တယ်။ အလုပ်လေးမျိုးတောင် တစ်ပြိုင်နက်တည်း လုပ်တော့တယ်။ အီတလီစားသောက်ဆိုင်တစ်ခုမှာ ချက်ပြုတ်သမားလုပ်တယ်။ အထုပ်အပိုးလိုက်ပို့တယ်။ မီးဖိုချောင်သုံးဓားတွေ ရောင်းတယ်။ ဆောက်လုပ်ရေး အလုပ်သမားလည်း လုပ်လိုက်သေးတယ်။ အားလုံးအနက် အံ့သြစရာကောင်းတဲ့အလုပ်တစ်ခုအဖြစ် စင်စင်နတီ ဆောင်းရာသီကို အန်တုပြီး 'ဂေးလယတ်' က စေတနာ့ဝန်ထမ်းအဖြစ် အိုးမဲ့အိမ်မဲ့ကလေးတွေနဲ့အတူ နေထိုင်ပြီး ကျွေးမွေးသေးတယ်။

mgyoe.com

mgyoe.com


၂၀၀၇ ခုနှစ်မှာ 'ဂေးလယတ်' အားထုတ်မှုတွေက အကျိုးထူး လာပါတယ်။ စင်စင်နတီဘောလုံးအသင်းမှာ နည်းပြဆရာအသစ် ရောက်လာတယ်။ သူက ဂေးလယတ်ကစားခဲ့ပုံ တိတ်ခွေတွေကို ပြန်ကြည့် သုံးသပ်ပြီး သူ့ခြေစွမ်းကို သဘောကျသွားလို့ ဒုတိယအကြိမ် အခွင့် အလမ်း ပြန်ပေးသုံးကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ သူက ပိုခက်ခက် ခဲခဲကြိုးပမ်းမယ်လို့ ကတိပေးပြီး တက္ကသိုလ်အပေါ်တင်တဲ့အကြွေးတွေ ပြန်ဆပ်မယ်လို့ ပြောတယ်။ သူစုထားတဲ့ငွေတွေလည်း တိုးလာနေပြီ။ ပိုဆပ်နိုင်တာနဲ့အမျှ အသင်းထဲ ပိုပူးပေါင်းလာတယ်။ ၂၀၀၉ ခုနှစ်မှာ အထက်တန်းဝင်လာတဲ့ စင်စင်နတီဘောလုံးအသင်းကို တစ်ရာသီလုံး ရှုံးပွဲမရှိ စံချိန်ကို သူတင်နိုင်ခဲ့တယ်။ ရာသီရဲ့ နောက်ဆုံးပွဲကစားပြီးတဲ့ နောက် သူ ခေတ္တနားတယ်။

သူ့ရဲ့ ရုန်းကန်ခဲ့မှုတွေ၊ တောင့်ခံနိုင်သမျှ အရာရာကို ပြန်သုံးသပ် ကြည့်တယ်။ သူရေရေလည်လည် မသိသေးမီ သူ့မျက်နှာပေါ် မျက်ရည် တွေ စီးကျလာတယ်။

"ကျွန်တော် ဒီနေရာရောက်နေရတဲ့ စက္ကန့်တိုင်းကို နှမြောတသ မဆုံးပါဘူး" သူက ထောက်ခံသူ အသင်းပရိသတ်တွေနဲ့ သတင်း ထောက်တွေကို ရင်ဖွင့်ပြောနေတာ ဖြစ်ပါတယ်။

"ကျွန်တော် ဘာမှ မမျှော်လင့်ဘူး။ တစ်ခါတစ်ရံ ခင်ဗျားတို့က ထင်မယ်။ ကျွန်တော့်မှာ ပိုင်ဆိုင်မှုတစ်ခု ရှိမယ်လို့။ တကယ်တော့ ကျွန်တော့်မှာ ဘာမှမပိုင်ဘူး"

တက်ရောက်နားထောင်သူတွေကြားမှာ ESPN အားကစား သတင်းဌာနက 'ပက်ဖို့ဒ်' လည်း ပါတယ်။ သူက "ကစားသမား တစ်ယောက်က သူ့ပွဲမတိုင်မီ သတင်းစာရှင်းလင်းပွဲမှာ ခုလို ငိုပြီး တိုင်တည်ရင်ဖွင့်သွားတာမျိုးကို ကျွန်တော် တစ်ခါမှ မတွေ့ဖူးဘူး" လို့

mgyoe.com

mgyoe.com


ပြောတယ်။ ဂေးလယတ်ရဲ့ အတွေ့အကြုံက ဘယ်လောက်ထိ ဖမ်းစားသွားကြောင်း သူ သတိပြုမိတယ်။ ၂၀၀၉ ခုနှစ် ဘောလုံးရာသီမှာ သူ့ဇာတ်လမ်းက မီးမောင်းထိုးပြကြတဲ့ ပုံပြင်ဖြစ်လာနေတယ်။ လအနည်းငယ်အကြာမှာ 'ဂေးလယတ်' က ကြေးစားဘောလုံးကလပ်အသင်း "စိန့်လူးဝစ်ရမ်" ရဲ့ လေးနှစ်စာချုပ်ဒေါ်လာ ၂.၃ သန်းနဲ့ ခေါ်ယူခြင်းခံရပါတော့တယ်။ ဘောလုံးကန်ခြင်းနဲ့ စီးပွားလမ်းဖြောင့်သွားတော့တယ်။

တူးမြောင်းဖောက်သမားတွေရဲ့ သဘောထားက ဘယ်အဖွဲ့အစည်း၊ ဘယ်အုပ်စုကိုမဆို ထူးခြားတဲ့ဘက်စုံအမြင်တွေ ယူလာပေးတယ်။ စတန်းဖို့ဒ်တက္ကသိုလ်ရဲ့ ဝင်ခွင့်ကြီးကြပ်ရေးမှူး 'ရစ်ချက်ရှော' က ဝင်ခွင့်ဆုံးဖြတ်ရာမှာ တက်တက်ကြွကြွရှိတယ်။ တက္ကသိုလ်တစ်ခုမှာ နှစ်စဉ်ဝင်ခွင့်လျှောက်ထားသူတွေ ၂၅၀၀၀ ကျော် ရလေ့ရှိတယ်။ ဒီထဲက ၉၀ ရာခိုင်နှုန်းလောက်ကို ပယ်ချတတ်ကြတယ်။ ဝင်ခွင့်အရာရှိက ခေါင်းခေါက်ရွေးနိုင်တယ်။ "စတန်းဖို့ဒ်တက္ကသိုလ်လှပနေတာက တစ်ကမ္ဘာလုံးဆိုင်ရာ တက္ကသိုလ်ဖြစ်နေလို့ပါ။ ကျွန်တော်တို့က အတော်ဆုံး၊ အကောင်းဆုံးကလေးတွေပဲ ရယူဖို့ ကြိုးစားခဲ့ပါတယ်။ ဘယ်ကျောင်းသားကို ဝင်ခွင့်ပေးရမယ်၊ လက်ခံရမယ်လို့ ဆုံးဖြတ်ရတာ ခက်ခဲပြင်းထန်လှတယ်"

"အရိုးသားဆုံးဖြေရရင် စတန်းဖို့ဒ်လျှောက်ထားသူတွေထဲက ၈၀ ရာခိုင်နှုန်းလောက်က အရည်အချင်းပြည့်မီကြပါတယ်" လို့ 'ရှော' က ရှင်းပြပေမဲ့ ပုန်းကွယ်နေတဲ့ အရည်အချင်းတွေကို သူ လိုက်ရှာနေကြောင်းကိုတော့ ပွင့်ပွင့်လင်းလင်းမပြောဘဲနေတယ်။ မှားယွင်းတဲ့နေရာတွေမှာ တည်ရှိတဲ့ကျောင်းတွေဆီက GPA အမှတ် ၃.၅ ပဲရတဲ့ ကျောင်းသားတစ်ယောက်က အထက်တန်းကျကျ ကျောင်းကောင်းကြီး

mgyoe.com

mgyoe.com


က GPAအမှတ်ကောင်းကောင်း လေးမှတ်ထိရတဲ့ကျောင်းသားထက် ပိုရင်ခုန်ဖွယ်ရာ ဆွဲဆောင်ချက်တွေ တွေ့ရတယ်လို့ 'ရှော' က ရှင်းပြတယ်။ ဒီတော့ GPA ၃.၅ မှတ်ရသူ ကျောင်းသားကို ရွေးထုတ်လက်ခံလိုက်ခြင်းက သူတို့က အကယ်ဒမစ်ထူးချွန်ဖို့ အတားအဆီးတွေ တစ်ပုံကြီး ကျော်လွှားတူးမြောင်းဖောက်ခဲ့ကြလို့ပဲ ဖြစ်တယ်။ အကောင်းဆုံးဆရာတွေ၊ အဆင့်မြင့်မြင့် ပညာတတ်မိဘတွေမရှိဘဲ ရကြတာပါ။ "ဒီကလေးတွေက အတွင်းမြို့ငယ်လေးတွေရဲ့ကျောင်းက လာကြတာတွေပဲ။ ထိုအထက်တန်းကျောင်းတွေမှာ သူတို့က အကောင်းဆုံးကျောင်းသားတွေ ဖြစ်ကြတယ်။ ဒီတော့ စတန်းဖို့ဒ်အထိ တော်ကောက်တာ ခံရတော့တာပေါ့"

သင် GPAလေးမှတ်ရ ကျောင်းသားတွေကို လက်ခံရရင်တော့ ကျောင်းကောင်းကြီးတွေက လာသူတွေဖြစ်ကြတာနဲ့အညီ စနစ်ထဲမှာ အကောင်းဆုံးတွေချည်းပဲ ဖြတ်ကျော်လာကြတာမို့ ပြဿနာမရှိပါ။ ဒါပေမဲ့ ချောင်ကျတဲ့အတွင်းမြို့ငယ်လေးက လာသူ GPA၃.၅ မှတ်ပဲရသူတွေကို ရွေးရတဲ့အခါ ညံ့ဖျင်းတဲ့ တောမြို့ငယ်ကျောင်းစနစ်အတွင်းက တောက်ပထူးချွန်သူတွေဖြစ်လာဖို့ သူတို့မှာ ဆန့်ကျင်မှုဒုက္ခတွေ ကျော်လွှားဖို့ အလွန်အကျွံမောင်းတင်ချက်တွေ ရှိရမှာပဲဖြစ်တယ်။ အိမ်က စိန်ခေါ်ချက်တွေ၊ အိမ်နီးချင်းတွေရဲ့ စိတ်အနှောင့်အယှက်တွေလည်း ကျော်လွှားရဦးမယ်။ သူတို့က ဘဝထဲနဲ့ သူတို့ကျောင်းအလုပ်တွေမှာ တောင့်ခံနိုင်မှုနဲ့ ဇွဲလုံ့လဝီရိယတွေကို ယူသွင်းလာကြပါတယ်။ သူတို့က အဇ္ဈတ္တအတွင်းအင်အားမျိုးရှိကြတယ်။ ခက်ခဲတဲ့ ပတ်ဝန်းကျင်ထဲက GPA၃.၅ ရအောင် ယူနိုင်ခဲ့ကြတယ်။ တစ်နည်းအားဖြင့် တူးမြောင်းဖောက်သွယ်ကြသူတွေပါပဲ။

တူးမြောင်းဖောက်ခြင်းကို ကျွန်တော်တို့ စုံစမ်းစစ်ဆေးတဲ့အခါ

mgyoe.com

mgyoe.com


အောင်မြင်ပုံမပေါ်တဲ့ နောက်ကွယ်ကအရည်အချင်းတွေကို တူးဖော်ကြည့်တယ်။ ဒီစာအုပ်ရဲ့ နောက်အခန်းကဏ္ဍကြီး သုံးရပ်ထဲ ကျရောက်သွားကြတယ်။

ပထမကဏ္ဍကြီးက "အဖွဲ့တွင်းမောင်းနှင်ချက်" ပါပဲ။ သူတို့ဘဝတွေကို သူတို့ဆီက လုယူသွားဖွယ်ရှိနေတဲ့ လမ်းကြောင်းတွေကနေ ချိုးဖျက်ဖို့ တူးမြောင်းတွေဖောက်ခွင့်ပြုတဲ့ မောင်းနှင်ချက်မျိုးဖြစ်ပါတယ်။ တူးမြောင်းဖောက်သူတွေဟာ ကျွန်ုပ်တို့အများစုနဲ့ လုံးဝခြားနားတဲ့ လမ်းကြောင်းတစ်ခုတည်းမှာ သူတို့ဟာ သူတို့အရေးပါမှုကို ကိုင်စွဲထားတတ်ကြတယ်။

ဒုတိယကဏ္ဍကြီးထဲမှာ ကျွန်ုပ်တို့က တူးမြောင်းဖောက်သူတွေရဲ့ "အယူအဆယုံကြည်ချက် ဦးတည်ချက်ပုံစံ" Coriebtation ကို စုံစမ်းစစ်ဆေးထားပါတယ်။ ဆန့်ကျင်မှုတွေကို ကျော်လွှားကြတဲ့သူတွေကို ကျွန်ုပ်တို့က ခက်မာမာကျောတဲ့လူတွေလို့ ထင်တတ်ကြတယ်။ ဒါပေမဲ့ သူတို့ထင်တဲ့လမ်းကြောင်းအတိုင်းတော့ မဟုတ်ပါဘူး။ သူတို့မှာ ဘဝကို ထူးခြားတဲ့ စိတ်ထားရပ်တည်ချက်တွေနဲ့ချဉ်းကပ်ဖို့ အမှတ်တရ စွမ်းရည်တစ်ခုရှိတယ်။ ဘဝရဲ့ ဖိစီးနှိပ်စက်မှုတွေကြောင့် နွံနစ်မသွားကြဘူး။ သူတို့ရဲ့သက်လုံတိုးတက်စေဖို့ ဟာသကိုသုံးတဲ့ ဖန်တီးမှုရှိရှိ နည်းလမ်းတွေကို သူတို့က ရှာတွေ့ထားကြတယ်။

တူးမြောင်းဖောက်သူတွေက အောင်မြင်ပျော်ရွှင်ဖို့ တခြားလူတွေရဲ့ အကူအညီမလိုတဲ့ အားကောင်းသူတစ်ဦးချင်းတွေ ဖြစ်တယ်လို့ စဉ်းစားရတာ လွယ်ပါတယ်။ တကယ့်အချက်ကို တတိယကဏ္ဍကြီးဖြစ်တဲ့ နောက်ဆုံးကဏ္ဍချိတ်ဆက်မှုမှာ တွေ့ရလိမ့်မယ်။ တူးမြောင်းသမားတွေမှာ တခြားလူတွေရဲ့ အကူအညီလိုတာတွေကို ရှင်းပြထားတယ်။ သူတို့မှာ သူတို့ယုံကြည်စိတ်ချထားသူ၊ အခြေအနေမထားဘဲ

mgyoe.com

mgyoe.com



သူတို့ကို ဂရုစိုက်သူ၊ သူတို့အတွက် အရေးပါသူ၊ အနည်းဆုံး သူတို့ဘဝမှာ တစ်ဦးတစ်ယောက်ဆီက အကူအညီလိုအပ်ပါတယ်။

တူးမြောင်းသမားတွေနဲ့ပတ်သက်လို့ အရေးကြီးတဲ့နှစ်ချက်ကို နားလည်ဖို့လိုတယ်။ ပထမက သူတို့က ကျွန်တော်တို့နဲ့ ဘာမှ မခြားနားတဲ့အပြင် သူတို့က စူပါမင်းတွေမဟုတ်ကြတာပါပဲ။ ဆန့်ကျင်တာတွေ ကျော်လွှားဖို့ လမ်းတွေရှာတဲ့စွမ်းရည်၊ တောင့်ခံနိုင်မှု ဗျူဟာနဲ့ ဖွဲလုံ့လ ဝီရိယတွေပြည့်စုံတဲ့ ကိုယ်ရည်ကိုယ်သွေးလမ်းကြောင်းရှိသူတွေပါပဲ။

နောက်အရေးကြီးတာက တူးမြောင်းဖောက်တယ်ဆိုတာ သူတို့ကို ထင်ရှားစေတဲ့ စကြဝဠာဆိုင်ရာ အရည်အချင်းပဲဖြစ်တယ်။ တူးမြောင်းဖောက်သူတွေက ငယ်တယ်၊ ကြီးတယ်မဟူ သူတို့အသက်မွေးမှုစတာနဲ့ သူတို့နယ်ရဲ့ထိပ်ဆုံးမှာ သူတို့ကို ရှေ့ပြေးကူညီဖို့ အလားတူစည်းမျဉ်းကိုပဲ မှီခိုနေရပါတယ်။

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မောင်းနှင် တွန်းတင်ခြင်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# ( ၂ )
# မီးမောင်းကွက်ထိုးခြင်းရဲ့ အာနိသင်

စင်မြင့်ပေါ်ရပ်နေသူက အထင်ကရစိတ်ပညာရှင်ကြီး 'ဂျူလီယန် ရော့တား' ဖြစ်ပါတယ်။ လူမှုရေး သင်ယူမှု သီအိုရီနယ်ပယ်မှာ အထင်ရှား အကျော်ကြားဆုံး သုတေသနသမားဖြစ်ပါတယ်။ ဘရွတ်ကလင်းမှာ ၁၉၁၆ ခုနှစ်က ဂျူးအခြေချရွှေ့ပြောင်းသူတွေက မွေးလာခဲ့သူ 'ရော့တား' က "အမေရိကန်စိတ်ပညာအစည်းအရုံး" (APA) ရဲ့ ဥက္ကဋ္ဌဖြစ်လာတယ်။ အနားယူဖို့ နီးကပ်လာချိန် သူ့ကို အဖွဲ့အစည်းက ထူးထူးခြားခြား သိပ္ပံရေးရာစွမ်းဆောင်မှုဆုကို ဂုဏ်ပြုချီးမြှင့်ပေးအပ်လိုက်ပါတယ်။ 'ရော့တား' က အမေရိကန်ရဲ့ ထိပ်တန်းစိတ်ပညာရှင်ကြီးများစာရင်းမှာ "B.F.Skinner", "Carl Rogers", "Albert Bandura", "Noam Chomsky" တို့နဲ့ တန်းတူပါဝင်လာနေတယ်။

ဒါပေမဲ့ ဆုလက်ခံယူတဲ့ ဒီအခမ်းအနားမှာ ဆုလက်ခံတဲ့ မိန့်ခွန်း သူတက်ပြောတဲ့အခိုက်အတန့်မှာတော့ ပရိသတ်မထင်မှတ်ထားတဲ့

mgyoe.com

mgyoe.com



ဖြစ်ရပ်တွေနဲ့ တိုးရတော့တယ်။ မိန့်ခွန်းပြောနေစဉ် 'ရှော့တား' က စိတ်အနှောင့်အယှက်ဖြစ်လာပုံနဲ့ စိတ်တိုစိတ်ဆိုးတဲ့လေသံနဲ့ စွပ်စွပ်စွဲစွဲပြောလိုက်တာက "စိတ်ပညာရှင်ဆိုသူတွေက သီအိုရီထဲမှာပဲ မတိမကျနဲ့ လေ့ကျင့်သင်တန်းပေးနေကြတယ်" လို့ လေသံပြင်းပြင်း ဝေဖန်သွားပါတော့တယ်။ ပရိသတ်တွေက သူ့ဆီက ဒီလိုဂုဏ်ပြုအခမ်းအနားမှာ ဒီလိုပြင်းထန်တဲ့ စွပ်စွဲချက်စကားမျိုး ကြားရလိမ့်မယ်လို့ မျှော်လင့်မထားကြပါဘူး။

ဘာကြောင့် လေသံပြင်းထန်ရသလဲ။ 'ရှော့တား' က အစိုးရိမ်လွန်ကဲနေသလို မှားယွင်းတဲ့အကြောင်းရင်းတွေကြောင့် ဒီစင်မြင့်ပေါ်ရောက်နေရသလိုလိုပဲ။ သူ့ကို ဂုဏ်ပြုနေတာတွေက အချိုးအစားမကျနမှတ်ထုတ်ပစ်ခံရတယ်လို့ သူထင်နေပုံပါပဲ။ သူ့ရဲ့ ဇဝေဇဝါပရိသတ်ကို သူ ဆက်သွယ်ဖို့ ကြိုးစားနေတာက စိတ်ပညာအသိုင်းအဝိုင်းက သူ့ကို လမ်းမှားပေါ် ခေါ်သွားနေကြောင်းပါပဲ။

အပြစ်မရှိ လုံလုံလောက်လောက်ဖြစ်ခဲ့တာတွေ အကဲခတ်ရသလောက် 'ရှော့တား' ကိုယ်တိုင်က မျက်စိလျှံနေခဲ့တာပဲ။ သူ့အသက်မွေးမှုများစွာမှာ လူမှုရေးသင်ယူမှုအကြောင်း စမ်းသပ်ချက်တွေ များစွာကြီးကြပ်ခဲ့တယ်။ သူ့တွေ့ရှိချက်က လူတွေက လုပ်ငန်းတာဝန်ကောင်းစွာ လုပ်ဆောင်နိုင်ခဲ့အခါ အလုပ်ကောင်းမှုအတွက် ချီးကျူးခံကြရတယ်။ သူတို့နဲ့ အကောင်းမြင် အရည်အချင်းအတွက် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမှုပုံရိပ်တွေ တင်ကျန်ခဲ့တယ်။ ဆန့်ကျင်ဘက်တွေဖြစ်လာတော့ ဆန့်ကျင်ဘက်အကျိုးတရားတွေ ခံရတော့တာပေါ့။ ဘာမှ အံ့သြစရာမရှိပါ။

ဒါပေမဲ့ အရေးကြီးတဲ့ခြွင်းချက်က ရှိနေတယ်။ အချိန်ကြာလာတော့ သူ့ဘာသာရပ်တချို့က သူတို့လုပ်ဆောင်မှုကို အကဲဖြတ်ဖို့ အမေး

mgyoe.com

mgyoe.com



ခံရတဲ့အခါ သူတို့ရဲ့ ကိုယ့်ကိုယ်ကိုယ် သိရှိနားလည်ရေး ချိန်ဆမှု ကျဆုံးသွားကြောင်းပါပဲ။ ပြီးခဲ့တဲ့လုပ်ငန်းအပေါ်မှာ သူတို့လုပ်ဆောင်ချက်တွေ ကောင်းကောင်းညံ့ညံ့၊ အခြားသူတွေဆီက ရတဲ့သတင်းတွေ ကောင်းကောင်းညံ့ညံ့ အကြောင်းမဟုတ်ဘဲ သူတို့ဟာ သူတို့ ပြောင်းလဲချက်ရဲ့ ကိုယ်စားလှယ်တွေအဖြစ် အသိအမှတ်ပြုဖို့ ကျဆုံးကြရတယ်။ တခြားစကားနဲ့ပြောရရင် သူတို့ရဲ့အပြုအမူတွေအတွက် ပုဂ္ဂိုလ်ရေးနာမည်ထွက်မှု မယူကြတာပါပဲ။

ပထမတော့ 'ရှော့တား' က ဒီစပ်စုချင်စရာ ထူးခြားချက်ကို ခေါက်ထားမိသေးတယ်။ ဒါပေမဲ့ စိတ္တဇနာကုသရေးကြီးကြပ်မှု အစည်းအဝေးမှာ 'ရှော့တား' က သူ့ရဲ့ ဒေါက်တာဘွဲ့ကြို တပည့်ကျောင်းသားတစ်ယောက်နဲ့ တွေ့ရတဲ့အခါ သူ့အဖြစ်ကို ကြားနာရတယ်။ ကျောင်းသားက ရက်သတ္တပတ်များစွာ ပုံမှန်မဟုတ်တဲ့ အခက်အခဲကြုံနေရတဲ့ သူ့လူနာက သူ့ရဲ့ပုဂ္ဂိုလ်အချင်းချင်း ဆက်သွယ်ရေးအခက်အခဲတွေအကြောင်း ညည်းညူလာတယ်။ ဒေါက်တာဘွဲ့ကြိုကျောင်းသားက သူ့လူနာကို သူ့ရဲ့ တလွဲမှိုင်ငြမ်းကိုးကားနေတဲ့ အပြုအမူတွေကို ပြောင်းလဲလိုက်ဖို့ အကြံပေးတယ်။ လူနာက သဘောတူလိုက်တယ်။ ရက်သတ္တပတ်နည်းနည်းကြာတော့ လူနာရဲ့ ပြဿနာတွေက စတင်ငြိမ်းခံ့ရဖို့ ဖြစ်လာတယ်။ ဒီလိုဖြစ်တာ ကောင်းဖို့ပါပဲ။ ဒါပေမဲ့ ထူးခြားတာက ရလဒ်တွေနဲ့ ပတ်သက်လို့ လူနာက မပျော်တော့ဘဲ ဖြစ်လာတယ်။

သူ့ရဲ့ ပြီးမြောက်မှုတို့ကို ဂုဏ်ယူရမယ့်အစား၊ ကုသရေးမှာ သူ့ကူညီမှုတွေကို ကျေးဇူးတင်ရမယ့်အစား၊ လူနာက 'ရှော့တား' ရဲ့စကားအရ "ဒီအောင်မြင်မှုတွေက ကံကောင်းထောက်မလို့သာ ဖြစ်လာရတယ်။ နို့မဟုတ်ရင် အောင်မြင်မှာ မဟုတ်ဘူး" လို့ ယူဆနေတာပဲ ဖြစ်တယ်။ ကျောင်းသားအနေနဲ့ သူ့လူနာကို သူ့ဘဝအခြေအနေတွေ တိုးတက်လာ

mgyoe.com